မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၈ ]** ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် ( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် ) } **သောကြာနေ့ [ အတွဲ ၆၈**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

**မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ (မူကြမ်း)
## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇ ခုနှစ်၊ လ ရက်

( ၂၀၁ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း **အဓိပ္ပာယ်** သက်ရောက်စေရမည် -

(က) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံစာရင်းကောင်စီကို ဆိုသည်။

(ခ) **စာရင်းပညာ**ဆိုသည်မှာ ဘဏ္ဍာရေးစာရင်းပညာ၊ စီမံခန့်ခွဲမှုစာရင်းပညာ၊ တန်ဖိုးတွက်စာရင်းပညာနှင့် စာရင်းစစ်ဆေးခြင်းပညာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စာရင်းပညာကို အခြေခံပြုသည့် လုပ်ငန်းပညာရပ်များလည်း ပါဝင်သည်။

(ဂ) **စာရင်းလုပ်ငန်း**ဆိုသည်မှာ စာရင်းထားသိုခြင်း၊ စာရင်းပြုစုခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲပြုစုခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများစစ်ဆေးခြင်း၊ စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှုစိစစ်သုံးသပ်ခြင်း၊ ကျသင့်သည့်အခွန် သို့မဟုတ် တန်ဖိုးတွက်ချက်ခြင်း၊ စာရင်းစနစ်တီထွင်ချမှတ်ခြင်း၊ စာရင်းစနစ်စိစစ်ခြင်း၊ စာရင်းပညာသင်ကြားခြင်း၊ စာရင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်း၊ အခွန်၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့်စပ်လျဉ်း၍ အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စီက အခါအားလျော်စွာသတ်မှတ်သည့် စာရင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်**ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှုလုပ်ငန်းနယ်ပယ်များဖြစ်သည့် အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းနယ်ပယ်၊ ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်နှင့် သင်ကြားမှုစာရင်းလုပ်ငန်းနယ်ပယ်တို့ကို ဆိုသည်။

(င) **စာရင်းကိုင်အလုပ်သင်**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအစီအစဉ်အရ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့သင်ယူနေသူကို ဆိုသည်။

(စ) **စာရင်းကိုင်အလုပ်သင်လုပ်သက်**ဆိုသည်မှာ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့သင်ယူရမည့် ကာလကို ဆိုသည်။

(ဆ) **စာမေးပွဲအောင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း အသီးသီးတွင် ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲနှစ်ခုလုံးအောင်မြင်ပြီးသူများအား ကောင်စီကထုတ်ပေးသည့် အောင်လက်မှတ်ကို ဆိုသည်။

(ဇ) **စာရင်းပညာရှင်**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) ရရှိထားသူ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်များမှ အသိအမှတ်ပြုစာရင်းပညာရှင်လက်မှတ်ရရှိထားပြီး ကောင်စီကစိစစ်ခွင့်ပြုထားသောသူကို ဆိုသည်။

(ဈ) **စာရင်းကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကအသိအမှတ်ပြုထားသော စာရင်းပညာလက်မှတ်ရရှိသူကို ဆိုသည်။

(ည) **လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲ နှစ်ပိုင်းလုံးအောင်မြင်ပြီးသူကို ဆိုသည်၊ ယင်းစကားရပ်တွင် ဤဥပဒေပုဒ်မ ၄၆ အရ ကောင်စီကအသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ဋ) **လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်)** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲ နှစ်ပိုင်းလုံးအောင်မြင်သည့်အပြင် သတ်မှတ်သည့် စာရင်းကိုင်အလုပ်သင်လုပ်သက်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာဆောင်ရွက်ပြီးဖြစ်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပုဒ်မ ၄၆ အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ဌ) **စာရင်းလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသူကို ဆိုသည်။

(ဍ) **အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း**ဆိုသည်မှာ အများပိုင်သော သို့မဟုတ် အများ၏အကျိုးစီးပွားနှင့် သက်ဆိုင်သော သို့မဟုတ် ကောင်စီကသတ်မှတ်သော လုပ်ငန်းအဖွဲ့အစည်းများတွင်

ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများကို ဆိုသည် -

(၁) ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ခြင်း၊

(၂) လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုအကျိုးအမြတ် အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေတို့နှင့် စပ်ဆိုင်သည့် စာရင်းဇယား သို့မဟုတ် ထုတ်ပြန်တင်ပြချက် သို့မဟုတ် ကြေညာချက် သို့မဟုတ် ခန့်မှန်းဖော်ပြချက်တစ်ရပ်ရပ်တွင် မိမိစိစစ်ပြီးကြောင်း သို့မဟုတ် ထောက်ခံကြောင်း သို့မဟုတ် မိမိပြုစုပေးကြောင်း လက်မှတ်ရေးထိုးခြင်း၊

(၃) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အရလုပ်ငန်းအဖွဲ့အစည်းက အစိုးရဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရမည့်ကိစ္စတွင် လုပ်ငန်းအဖွဲ့အစည်း၏ ကိုယ်စားပါဝင် ဆောင်ရွက်ပေးခြင်း၊

(၄) ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းစစ်ဆေးအစီရင်ခံ တင်ပြခြင်း။

(ပ) **ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ စာရင်းကိုင်၊ စာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်အလိုက် အဖိုးအခရယူသည်ဖြစ်စေ၊ အဖိုးအခမဲ့ဖြစ်စေ စာရင်းပြုစုပေးခြင်း၊ စာရင်းရေးဆွဲပေးခြင်း၊ စာရင်းစစ်ဆေးပေးခြင်းတို့ကို ဆိုသည်။

(ဖ) **အစိုးရကဏ္ဍစာရင်းလုပ်ငန်း**ဆိုသည်မှာ အစိုးရဌာနအဖွဲ့အစည်းတွင် စာရင်းကိုင်၊ ဌာနတွင်းစာရင်းစစ်၊ အစိုးရစာရင်းစစ်စသည်ဖြင့် စာရင်းပညာဖြင့် တာဝန်ထမ်းဆောင်ခြင်းကို ဆိုသည်။

(တ) **သင်ကြားမှုစာရင်းလုပ်ငန်း**ဆိုသည်မှာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်၊ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကောင်စီက အခါအားလျော်စွာ ထုတ်ပြန်ကြေညာထားသော သင်ကြားမှုစာရင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ထ) **အသင်း**ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များပြည့်မြောက်ရေးအတွက် စာရင်းပညာရှင်များကိုယ်တိုင် ထိရောက်စွာပါဝင်ဆောင်ရွက်ရန် ဖွဲ့စည်းထားပြီး ကောင်စီကအသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဒ) **ခွင့်ပြုထားသည့် နိုင်ငံခြားသား စာရင်းပညာရှင်**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းတို့ချုပ်ဆိုသောစာချုပ် သို့မဟုတ် သဘောတူညီချက်အရသော်လည်းကောင်း၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏ စာရင်းပညာအဖွဲ့အစည်းများအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအမံများအရသော်လည်းကောင်း မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ရန် ကောင်စီက စည်းမျဉ်းနှင့်အညီ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံခြားသား လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် အလားတူ စာရင်းပညာရှင်ကို ဆိုသည်။

(ဓ) **လုပ်ငန်းအဖွဲ့အစည်း**ဆိုသည်မှာ စီးပွားရေးလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာဆောင်ရွက်မှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းစီမံရေးလုပ်ငန်းနှင့် အမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်သည့် လုပ်ငန်းတို့ကို ဆိုလိုသည်၊ ထို့အပြင် နိုင်ငံတော် သို့မဟုတ် ပုဂ္ဂိုလ်အများ၏ ငွေကြေး၊ ပစ္စည်းထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လှူဒါန်းမှုတို့ဖြင့် လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့အစည်းများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရသော်လည်းကောင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများလည်း ပါဝင်သည်။ ဤဥပဒေ၌ အတိအကျခွဲခြားဖော်ပြထားခြင်းမပြုလျှင် အစိုးရ သို့မဟုတ် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံး၏ လုပ်ငန်းအဖွဲ့အစည်းများနှင့် သက်ဆိုင်သည်။

(န) **လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူ**ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းအတွက် အရင်းအနှီးထည့်ဝင်ထားသူများ သို့မဟုတ် အရင်းအနှီးထည့်ဝင်ထားသူများကိုယ်စား သို့မဟုတ် ပိုင်ရှင် သို့မဟုတ်

ပိုင်ရှင်ကိုယ်စား သို့မဟုတ် နိုင်ငံတော်ကိုယ်စား လုပ်ငန်းအဖွဲ့အစည်းကို လက်တွေ့အုပ်ချုပ်စီမံဆောင်ရွက်သူ သို့မဟုတ် ထိုသို့အုပ်ချုပ်စီမံဆောင်ရွက်ရသည့်အဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းဖွဲ့စည်းပုံအရ စီမံခန့်ခွဲရေးအဖွဲ့၊ ဒါရိုက်တာအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့စသည်ဖြင့် အမည်အခေါ်အမျိုးမျိုးရှိသည့်အဖွဲ့များလည်း အကျုံးဝင်သည်။

(ပ) **ဘဏ္ဍာရေးအစီရင်ခံခြင်း**ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူက မိမိစီမံခန့်ခွဲဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေနှင့် ငွေရရှိသုံးစွဲမှုအခြေအနေ အချက်အလက်များကို ဘဏ္ဍာရေးရှင်းတမ်းများအဖြစ် ပြုစုလျက် လုပ်ငန်းအဖွဲ့အစည်း၌ အရင်းအနှီးထည့်ဝင်ထားသူများ၊ အရင်းအနှီးထည့်ဝင်ရန် လေ့လာနေသူများ၊ လုပ်ငန်းဆက်သွယ်ဆောင်ရွက်နေသူများ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသိရှိပြီး လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် ထုတ်ပြန်တင်ပြခြင်းကို ဆိုသည်။

(ဖ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဤဥပဒေအရ ဖြစ်ပေါ်သည့် ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်)၊ အလုပ်သင်စာရင်းကိုင်၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများစာရင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများစာရင်းကို မှတ်ပုံတင် ထိန်းသိမ်းခြင်းနှင့် လိုအပ်သလို ထုတ်ပြန်ကြေညာခြင်း ဆောင်ရွက်ရန် ကောင်စီက ခန့်အပ်ထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ တိုးပွားလာစေရန်၊

(ခ) စာရင်းပညာခေတ်မီတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာ ဂုဏ်ရည်မြင့်မားရေးနှင့် စာရင်းလုပ်ငန်းအရည်အသွေးပြည့်မီရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(ဃ) အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို အပြည်ပြည်ဆိုင်ရာစာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရန်၊

(င) စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးပွားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ ပိုမိုလာစေရန်။

## အခန်း (၃)
## မြန်မာနိုင်ငံစာရင်းကောင်စီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ |
| (၃) | တိုင်းဒေသကြီးစာရင်းစစ်ချုပ်များနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ | အဖွဲ့ဝင် |
| (၄) | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |

(၆) ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၇) ပါမောက္ခချုပ်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်စီးပွားရေးတက္ကသိုလ်များ — အဖွဲ့ဝင်

(၈) မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ် (၉) ဦး — အဖွဲ့ဝင်

(၉) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် — အဖွဲ့ဝင်

(၁၀) (၅) ဦးထက်မပိုသော သင့်လျော်သည့်နိုင်ငံသားစာရင်းပညာရှင်များ — အဖွဲ့ဝင်

(၁၁) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို ထပ်မံထည့်သွင်း သတ်မှတ်နိုင်သည်။

(ဂ) ကောင်စီ၏သက်တမ်းကို သတ်မှတ်နိုင်သည်။

(ဃ) ကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့် တစ်နှစ်နှင့်အထက် ကင်းကွာခြင်း၊

(ဃ) စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း။

၆။ ကောင်စီသည် စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၇။ ကောင်စီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

## အခန်း (၄)
## အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

၈။ ကောင်စီသည် ကောင်စီ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် အလို့ငှာ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ကောင်စီဥက္ကဋ္ဌ — ဥက္ကဋ္ဌ

(ခ) ကောင်စီဒုတိယဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ

(ဂ) မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ

(ဃ) ကောင်စီအဖွဲ့ဝင် (၁၁) ဦး — အဖွဲ့ဝင်

(င) ကောင်စီအတွင်းရေးမှူး — အတွင်းရေးမှူး

၉။ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) ပါ ကောင်စီအဖွဲ့ဝင် (၁၁) ဦးကို ကောင်စီ၏ ပထမဆုံး အစည်းအဝေးတွင် ရွေးချယ်တာဝန်ပေးရမည်။ ကောင်စီသက်တမ်းအတွင်း ကောင်စီအဖွဲ့ဝင်လစ်လပ်မှုများကို အနီးကပ်ဆုံး ကောင်စီအစည်းအဝေးတွင် အစားထိုး ရွေးချယ်တာဝန်ပေးရမည်။

၁၀။ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်း ဖြစ်သည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

၁၂။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့် ကောင်စီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၅)
## ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် အခါအားလျော်စွာ ဖွင့်လှစ်သင့်သည့်သင်တန်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အရည်အချင်းစစ် စာမေးပွဲများပြုလုပ်ခြင်း၊ သင်တန်းနှင့်စာမေးပွဲဆိုင်ရာ စည်းမျဉ်းများချမှတ်ခြင်း၊ ဒီပလိုမာနှင့် အောင်လက်မှတ်များပေးအပ်ခြင်း၊

(ခ) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် အခါအားလျော်စွာ ဖွင့်လှစ်သင့်သည့်သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို ချမှတ်ပြဋ္ဌာန်းခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်း၊ ထိုသင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာပြဋ္ဌာန်းစာအုပ်များ စီစဉ်ခြင်း၊

(ဂ) စာရင်းကိုင်အလုပ်လက်တွေ့သင်ကြားရေး၊ စဉ်ဆက်မပြတ်စာရင်းပညာလေ့လာဆည်းပူးရေး လုပ်ငန်းအစီအစဉ်နှင့် စည်းမျဉ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) စာရင်းကိုင်စံများ၊ စာရင်းစစ်စံများ၊ ကျင့်ဝတ်သိက္ခာဆိုင်ရာစံများ၊ စာရင်းလုပ်ငန်းအရည်အသွေး ခိုင်လုံစိတ်ချရရေးအစီအစဉ်များ ချမှတ်ပြဋ္ဌာန်းခြင်း၊ ထိုပြဋ္ဌာန်းချက်များကို လက်တွေ့လိုက်နာ ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့်သင်တန်းများစီစဉ်ခြင်း၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ပြဋ္ဌာန်းချက်အထောက်အကူပြု စာအုပ်စာတမ်းများ ထုတ်ဝေခြင်း၊

(င) ကောင်စီက ချမှတ်ပြဋ္ဌာန်းထားသည့် စံများ၊ အစီအစဉ်များကို လက်တွေ့လိုက်နာကျင့်သုံးမှု ရှိ မရှိ စောင့်ကြည့်စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ လိုက်နာကျင့်သုံးရန် ပျက်ကွက်မှုအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အပြန်အလှန်အသိအမှတ်ပြုရေး သဘောတူညီချက်များကို ပြည်ပ စာရင်းပညာအဖွဲ့အစည်းများနှင့် ချုပ်ဆိုခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှ စာရင်းပညာဆိုင်ရာလက်မှတ်နှင့် ဘွဲ့များကိုစိစစ်၍ အသိအမှတ်ပြုခြင်း၊ ယင်းသို့ အသိအမှတ်ပြုသည့် လက်မှတ် သို့မဟုတ် ဘွဲ့ရရှိထားသည့် နိုင်ငံသားများအား မှတ်ပုံတင်နိုင်ရန် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ဇ) သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးအား မှတ်ပုံတင်အရာရှိအဖြစ် ခန့်ထားခြင်း၊ ယင်း၏ တာဝန် ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊

(ဈ) မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းကို ကောင်စီ၏ အမျိုးသားအဆင့်စာရင်း ပညာရှင်အဖွဲ့အဖြစ် အသိအမှတ်ပြုခြင်းနှင့် သင့်လျော်သော နိုင်ငံသားစာရင်းပညာရှင်အဖွဲ့များ ကိုလည်း စာရင်းပညာရှင်အဖွဲ့အဖြစ် အသိအမှတ်ပြုခြင်း၊

(ည) ဤဥပဒေပါရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် ကောင်စီကဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) များနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) များ ပါဝင်ဆောင်ရွက်ရေးအတွက် တာဝန်သတ်မှတ်လွှဲအပ်ပေးခြင်း၊ ယင်းသို့ တာဝန်ယူဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဋ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရေးအတွက် ပြည့်စုံရမည့် လက်တွေ့လုပ်ငန်း အတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့် လုပ်ငန်းနည်းစနစ်ပုံစံနှင့် အခြားလိုအပ်ချက်များကို စာရင်းလုပ်ငန်းနယ်ပယ်အလိုက်၊ စာရင်းလုပ်ငန်း အမျိုးအစားအလိုက် သတ်မှတ်ခြင်း၊

(ဌ) ဤဥပဒေပါ ရည်ရွယ်ချက်များ၊ ပြည့်မြောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရမည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို ကောင်စီဝင်များ၊ သင့်လျော်သည့် စာရင်းပညာရှင်များဖြင့် လိုအပ်သလိုဖွဲ့စည်းပြီး တာဝန်ပေးအပ်ခြင်း၊ ထိုအဖွဲ့များ၏တာဝန်ယူဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဍ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့် လုပ်ငန်းလမ်းညွှန်မှုများထုတ်ပြန်ခြင်း၊ ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စရပ်များအတွက်လိုအပ်သည့် အချက်အလက်များကို စာရင်းလုပ်ငန်းလုပ်ကိုင်သူများထံမှ ရယူခြင်း၊

(ဎ) ဒီပလိုမာ စာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများကို သတ်မှတ်သင်ရိုးညွှန်းတမ်းနှင့်အညီ အဆင့်မီသင်ကြားမည့် ကိုယ်ပိုင်သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ရန် တင်ပြခြင်းကို စိစစ်ခွင့်ပြုခြင်း၊ အဆိုပါသင်တန်းကျောင်းများအား လမ်းညွှန်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ဏ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကောင်စီဝင်များ၊ ကောင်စီ၏ကော်မတီဝင်များအား စရိတ်ချီးမြှင့်ငွေ သတ်မှတ်ခံစားခွင့်ပြုခြင်း၊

(တ) အစိုးရဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၏ စာရင်းပညာ၊ စာရင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်အတွက် အကြံပြုခြင်း၊

(ထ) ကောင်စီသည် စာရင်းပညာရပ်ဆိုင်ရာဘာသာရပ်များကို သင်ကြားသည့် မည်သည့်ကျောင်း သို့မဟုတ် အဖွဲ့အစည်းကိုမဆို စိစစ်ကြီးကြပ်ခြင်း သို့မဟုတ် စီမံထိန်းသိမ်းကွပ်ကဲခြင်း၊

(ဒ) တာဝန်ပျက်ကွက်သော သို့မဟုတ် စာရင်းပညာရှင်ကျင့်ဝတ်သိက္ခာဖောက်ဖျက်သော စာရင်းလုပ်ငန်း လုပ်ကိုင်သူ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်)၊ စာရင်းကိုင်အလုပ်သင်များ၊ စာရင်းကျွမ်းကျင်သူများကို အရေးယူခြင်း၊

(ဓ) ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ဆောင်ရွက်ခြင်း။

## အခန်း (၆)

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

၁၄။ အသင်းသည် ကောင်စီက အသိအမှတ်ပြုထားသည့် အမျိုးသားအဆင့် စာရင်းပညာရှင်များအစုအဖွဲ့ ဖြစ်သည်။

၁၅။ အသင်းသည် ဤဥပဒေ၏ ရည်ရွယ်ချက်များထမြောက်အောင်မြင်စေရန် စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်။

၁၆။ ကောင်စီတွင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်) အဖြစ်ဖြစ်စေ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ်ဖြစ်စေ မှတ်ပုံတင်ရန် လျှောက်ထားသူသည် အသင်းတွင် အသင်းဝင်အဖြစ် ပါဝင်ပြီးဖြစ်ရမည်။

၁၇။ အသင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပြဋ္ဌာန်းချက်များအရ ဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ၊ စာရင်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ကောင်စီနှင့်တွဲဖက်၍ ပညာရှင်အင်အားစုအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စာရင်းပညာ၊ စာရင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ချမှတ်သင့်သော သို့မဟုတ် ပြင်ဆင်သင့်သော သင်ရိုးညွှန်းတမ်း၊ စည်းမျဉ်း၊ စည်းကမ်း၊ စံ၊ လုပ်ထုံးလုပ်နည်းတို့ကို ကောင်စီအား အကြံပြု တင်ပြခြင်း၊

(ဂ) စာရင်းပညာ ခေတ်မီတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) စဉ်ဆက်မပြတ် စာရင်းပညာလေ့လာဆည်းပူးရေးလုပ်ငန်းကို စီစဉ်ဆောင်ရွက်အကောင်အထည် ဖော်ခြင်း၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ လုပ်ငန်းအရည်အသွေးထိန်းသိမ်းမှုအစီအမံနှင့် လုပ်ငန်းဆိုင်ရာကျင့်ဝတ် စည်းကမ်းများကို စာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်းအမျိုးအစားအလိုက် သင့်လျော်သလို ချမှတ် ပြဋ္ဌာန်းနိုင်ရန် ကောင်စီထံ ထောက်ခံတင်ပြခြင်း၊

(စ) ပုဒ်မခွဲ (င) တွင် ဖော်ပြသောပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ သင်တန်း သို့မဟုတ် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ပြဋ္ဌာန်းချက်များကို ထုတ်ဝေဖြန့်ချိခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ စာရင်းနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်း၊

(ဇ) အသင်း၏စည်းမျဉ်းများ သို့မဟုတ် ကောင်စီ၏ဆုံးဖြတ်ချက်များနှင့်အညီ ဝင်ကြေး၊ ထည့်ဝင်ကြေး၊ ဝင်ငွေ၊ ဆောင်ရွက်ခ၊ ငှားရမ်းခ၊ မူပိုင်ကြေးနှင့် ထောက်ပံ့ငွေ လက်ခံရယူခြင်း၊

(ဈ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ စာရင်းပညာရှင်များ၏ နစ်နာချက် သို့မဟုတ် တိုင်ကြားချက်များနှင့် စပ်လျဉ်း၍ ကောင်စီထံ စိစစ်တင်ပြခြင်း၊

(ည) အသင်း၏ ဆောင်ရွက်ချက်များကို ကောင်စီထံတင်ပြခြင်း၊

(ဋ) အသင်း၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများတွင် ဖော်ပြထားချက်များအတိုင်း ဆောင်ရွက်ခြင်း။

၁၈။ အသင်းနှင့်စပ်လျဉ်း၍ ကောင်စီက အောက်ပါအတိုင်း ဆောင်ရွက်ပေးနိုင်သည် -

(က) အသင်းအား ထိုက်သင့်သည့် ထောက်ပံ့မှုများခွင့်ပြုခြင်း၊ ထိုအတွက် လိုအပ်လျှင် ပြည်ထောင်စု အစိုးရအဖွဲ့ထံ ထောက်ခံတင်ပြခြင်း၊

(ခ) ကောင်စီကဖွဲ့စည်းသည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များတွင် သင့်လျော်သည့် အသင်းဝင်များအား ထည့်သွင်းဖွဲ့စည်း တာဝန်ပေးခြင်း၊

(ဂ) လုပ်ငန်းတစ်ရပ် သို့မဟုတ် ကိစ္စတစ်ရပ်ကို ကောင်စီကိုယ်စား ဆောင်ရွက်ရန် အသင်းအားတာဝန် လွှဲအပ်ခြင်း၊

(ဃ) လိုအပ်ပါက ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသင်းသို့ လွှဲအပ်ခြင်း။

## အခန်း (၇)
## ကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်း

၁၉။ ကောင်စီသည် အောက်ဖော်ပြပါကော်မတီများနှင့် လိုအပ်သောကော်မတီများကို ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။ ကော်မတီအလိုက် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ သင့်လျော်သည့်အဖွဲ့ဝင် အင်အားတို့ဖြင့် ဖွဲ့စည်းလျက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည် -

(က) စာရင်းကိုင် အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၊

(ခ) သင်ရိုးညွှန်းတမ်းများ စိစစ်ရေးနှင့် ပြင်ဆင်ရေးကော်မတီ၊

(ဂ) စာမေးပွဲလုပ်ငန်းနှင့် စာစစ်ကော်မတီ၊

(ဃ) စာရင်းဆိုင်ရာ စံများကော်မတီ၊

(င) စာရင်းစစ် ကျင့်ဝတ်စောင့်ထိန်းမှု၊ စာရင်းစစ်စံကျင့်သုံးမှုနှင့် စာရင်းလုပ်ငန်းအရည်အသွေး ထိန်းသိမ်းမှု စောင့်ကြည့်စစ်ဆေးရေး ကော်မတီ၊

(စ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်စိစစ်ရေးကော်မတီ၊

(ဆ) ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် လက်မှတ်စိစစ်ရေးကော်မတီ။

(ဇ) လုပ်ငန်းအဖွဲ့အစည်းများ၏ စာရင်းကိုင်စံ၊ ဘဏ္ဍာရေးအစီရင်ခံမှုစံများ စောင့်ကြည့်စစ်ဆေးရေး ကော်မတီ။

၂၀။ ကောင်စီသည် အောက်ဖော်ပြပါအဖွဲ့နှင့် ကော်မတီကို ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ကိစ္စရပ်အလိုက် လိုအပ်သည့်အခါ ဖွဲ့စည်းလျက် တာဝန်ပေးနိုင်သည် -

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(ခ) စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

၂၁။ ပုဒ်မ ၁၉ တွင် ဖော်ပြသည့် ကော်မတီများ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်း ဖြစ်သည်။

၂၂။ ပုဒ်မ ၂၀ တွင် ဖော်ပြသည့်အဖွဲ့နှင့် ကော်မတီတို့၏ တာဝန်နှင့်သက်တမ်းသည် ကောင်စီက သတ်မှတ်သည့်အတိုင်းဖြစ်သည်။

၂၃။ ကောင်စီသည် ကော်မတီနှင့် အဖွဲ့အသီးသီးကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ယင်းတို့အတွက် တာဝန်သတ်မှတ်ချက်များကို ပြင်ဆင်နိုင်သည်။ လုပ်ငန်းသဘာဝအရ လိုအပ်လျှင် ဆပ်ကော်မတီများ ဖွဲ့စည်း ပေးနိုင်သည်။

၂၄။ ကော်မတီ၊ အဖွဲ့နှင့် ဆပ်ကော်မတီများ၏ ဆောင်ရွက်မှုအခြေအနေကို ကောင်စီထံ သတ်မှတ်ချက်နှင့် အညီ တင်ပြရမည်။

၂၅။ ကောင်စီက ဖွဲ့စည်းတာဝန်ပေးသည့် ကော်မတီ၊ အဖွဲ့နှင့် ဆပ်ကော်မတီများတွင် ပါဝင်ဆောင်ရွက် ခြင်းကို နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းဟု မှတ်ယူရမည်။

## အခန်း (၈)
## ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများ

၂၆။ ဒီပလိုမာ စာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများကို ကောင်စီမှ ဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေ ပုဒ်မ ၃၃ အရ ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် ဖွင့်လှစ်ရမည်။

၂၇။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများကို ဒီပလိုမာစာရင်းကိုင် အောင်လက်မှတ် အပ်နှင်းရမည်။

၂၈။ ကောင်စီသည် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ်အပ်နှင်းရမည်။

၂၉။ ကောင်စီသည် -

(က) စာရင်းကိုင်သင်တန်းများ တက်ရောက်ခွင့်အတွက် သင်တန်းဝင်ခွင့်စာမေးပွဲကျင်းပခြင်း သို့မဟုတ် သင်တန်းဝင်ခွင့် အရည်အချင်းကန့်သတ်ခြင်းနှင့် စိစစ်ခြင်းကို လိုအပ်သလို ပြုလုပ်နိုင်သည်။

(ခ) သင်တန်းစည်းကမ်းများကို ချမှတ်နိုင်သည်။

(ဂ) သင်တန်းစည်းကမ်းဖောက်ဖျက်ခြင်းအတွက် သက်ဆိုင်ရာသင်တန်းမှ ထုတ်ပယ်သည်အထိ အရေးယူနိုင်သည်။

(ဃ) မမှန်ကန်သည့်အချက်များဖြင့် သင်တန်းဝင်ခွင့်လျှောက်ထားကြောင်း ပေါ်လွင်ထင်ရှားပါက သင်တန်းဝင်ခွင့်ငြင်းပယ်ခြင်း သို့မဟုတ် သင်တန်းမှထုတ်ပယ်ခြင်း သို့မဟုတ် အပ်နှင်းထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

(င) မမှန်ကန်သည့်နည်းလမ်းဖြင့် စာမေးပွဲဖြေဆိုကြောင်း ပေါ်လွင်ထင်ရှားပါက ဖြေဆိုထားသည့် စာမေးပွဲတွင် ကျရှုံးအဖြစ်သတ်မှတ်ခြင်း၊ နောင်စာမေးပွဲ၌ဖြေဆိုခွင့်ပိတ်ပင်ခြင်း၊ အပ်နှင်းထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၉)

## ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ မှတ်ပုံတင်ခြင်း

၃၀။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်) အဖြစ် မှတ်ပုံတင်ရန်လျှောက်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်း အတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ စာမေးပွဲအောင်လက်မှတ်ပယ်ဖျက်ခံရသူအား သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ နုတ်ပယ်ရမည်။

၃၂။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) နှင့်လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) အဖြစ်ကောင်စီက အသိအမှတ်ပြုထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည် -

(က) အသင်းတွင် အသင်းဝင်အဖြစ် မှတ်ပုံတင်ပြီး ဖြစ်ရမည်။

(ခ) အသင်း၏စာရင်းပညာနှင့် စာရင်းပညာလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဂ) မိမိ၏ စာရင်းပညာရှင်အဆင့်ကို ထိန်းသိမ်းရန်အလို့ငှာ တိုးတက်ပြောင်းလဲနေသည့် စာရင်းပညာရပ်များကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာဆည်းပူးရန် တာဝန်ရှိသည်။

(ဃ) စာရင်းပညာရှင်ဆိုင်ရာ ကျင့်ဝတ်သိက္ခာကို လိုက်နာစောင့်ထိန်းရမည်။

(င) စာရင်းလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ၊ စံများကို လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(စ) အသင်းတွင် အသင်းဝင်ဖြစ်သူသာ "လက်မှတ်ရပြည်သူ့စာရင်းကိုင်" သို့မဟုတ် "စီပီအေ" သို့မဟုတ် " CPA " ဘွဲ့ ဖော်ပြချက်ကို မိမိအမည်နှင့် တွဲစပ်သုံးစွဲခွင့်ရှိသည်။

## အခန်း (၁၀)

## ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ

၃၃။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်းအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုနိုင်သည်။

၃၄။ ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးရေး အတွက် စိစစ်ရေးမူနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း မှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ချမှတ်ရမည်။

၃၅။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် ကထိကနှင့် နည်းပြအဖြစ် ဆောင်ရွက်သူများအတွက် ပြည့်စုံရမည့် အရည်အချင်းနှင့် အတွေ့အကြုံလိုအပ်ချက်ကို ကောင်စီက သတ်မှတ်နိုင်သည်။

၃၆။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ကထိကနှင့် နည်းပြများသည် ကောင်စီတွင်မှတ်ပုံတင်ရမည်။

၃၇။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ကထိကနှင့် နည်းပြများ မှတ်ပုံတင်ခြင်းအတွက် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ကောင်စီကချမှတ်ရမည်။

၃၈။ ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း၏ တာဝန်နှင့်အခွင့်အရေးများကိုသတ်မှတ်ရမည်။

၃၉။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့် စပ်လျဉ်းသည့် ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားခြင်းကို ခိုင်လုံသော အကြောင်းအချက်အရ ငြင်းပယ်နိုင်ခြင်း၊

(ခ) သင်တန်းကျောင်း၏ သင်ကြားပို့ချမှုကိုစိစစ်ခြင်း၊ ဆောင်ရွက်ရန်လိုအပ်ချက်အတွက် လမ်းညွှန်ခြင်း၊

(ဂ) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ရာတွင် ပြုပြင်ဆောင်ရွက်ရန် သို့မဟုတ် ဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်ချက်ရှိကြောင်း တွေ့ရှိရလျှင် သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ကို ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဃ) ထိုသို့ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်သင်တန်းကျောင်းက ပြုပြင်ဆောင်ရွက်ပြီးဖြစ်၍ သို့မဟုတ် ဖြည့်စွက်ဆောင်ရွက်ပြီးဖြစ်၍ ပြန်လည်ဖွင့်ခွင့်ပေးပါရန် လျှောက်ထားလာပါက စိစစ်၍ ပြန်လည်ဖွင့်ခွင့်ပေးခြင်း၊

(င) သင်တန်းကျောင်းအလိုက် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးနှုန်းများသတ်မှတ်ခြင်း၊ နှုန်းများ ပြင်ဆင်ခြင်း၊ လျှော့နှုန်းဖြင့်ခွင့်ပြုခြင်း၊

(စ) သင်တန်းသားမှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးများသတ်မှတ်ခြင်း၊ သတ်မှတ်ချက်ကို ပြင်ဆင်ခြင်း၊ အခကြေးကို လျှော့နှုန်းဖြင့်ခွင့်ပြုခြင်း။

၄၀။ ကောင်စီသည် စာဖြေဌာနများသတ်မှတ်ခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## စာရင်းကိုင်အလုပ်သင်လက်တွေ့ဆောင်ရွက်ခြင်း

၄၁။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ သင်ကြားလေ့ကျင့်ခြင်းတွင် စာရင်းလုပ်ငန်း လက်တွေ့လုပ်ကိုင်ရသည့် စာရင်းကိုင် အလုပ်သင် အစီအစဉ်ပါဝင်ရမည်။

၄၂။ ကောင်စီသည် ပြည့်မြောက်ရမည့် စာရင်းကိုင် အလုပ်သင်လုပ်သက်ကို သတ်မှတ်ရမည်။

၄၃။ ကောင်စီသည် စာရင်းကိုင်အလုပ်သင်အစီအစဉ်အတွက် အောက်ဖော်ပြပါ အချက်များကို သတ်မှတ် ထုတ်ပြန်ရမည် -

(က) အလုပ်သင်ကြားပေးနိုင်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များနှင့် အလုပ်သင်ကြားပေးနိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ၊

(ခ) အလုပ်သင်စည်းကမ်းများ၊

(ဂ) အလုပ်သင်စာချုပ်ပုံစံ၊

(ဃ) သင်ကြားရန်လိုအပ်သည့် စာရင်းအလုပ်များ။

၄၄။ ကောင်စီက တာဝန်လွှဲအပ်သည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်သည် စာရင်းကိုင်အလုပ်သင်ကြားမှုများကို အခါအားလျော်စွာ သွားရောက်စစ်ဆေးနိုင်သည်။

၄၅။ ကောင်စီသည် စာရင်းကိုင်အလုပ်သင်၏ အလုပ်သင်စည်းကမ်းချိုးဖောက်မှုနှင့် စပ်လျဉ်း၍ စာရင်းကိုင်အလုပ်သင်အဖြစ်မှ ထုတ်ပယ်သည်အထိ အရေးယူနိုင်သည်။

## အခန်း (၁၂)
## နိုင်ငံခြားစာရင်းပညာလက်မှတ်ရသူ နိုင်ငံသားကို အသိအမှတ်ပြုခြင်း

၄၆။ နိုင်ငံအများက အသိအမှတ်ပြုထားသည့် နိုင်ငံခြားစာရင်းပညာအဖွဲ့ သို့မဟုတ် စာရင်းပညာရှင် လက်မှတ်တစ်ခုခုကို ရရှိထားသူ နိုင်ငံသားအား လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်) အဖြစ် သတ်မှတ်ချက်များနှင့်အညီ ကောင်စီက အသိအမှတ်ပြုနိုင်သည်။ ကောင်စီက အသိအမှတ်ပြုသည့် နိုင်ငံခြားစာရင်းပညာအဖွဲ့ သို့မဟုတ် လက်မှတ်အမည်စာရင်းများကို ကောင်စီက ထုတ်ပြန်ကြေညာရမည်။

၄၇။ ကောင်စီသည် နိုင်ငံခြားစာရင်းပညာအဖွဲ့ သို့မဟုတ် စာရင်းပညာရှင် လက်မှတ်ရသူ နိုင်ငံသားကို အသိအမှတ်ပြုရေးအတွက် လျှောက်လွှာစိစစ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ လိုအပ်ပါက စာရင်းပညာ လက်တွေ့သင်ယူစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ ကောင်စီသည် -

(က) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် လျှောက်ထားခြင်းကို ခိုင်လုံသော အကြောင်းအချက်အရ ငြင်းပယ်နိုင်သည်။

(ခ) အသိအမှတ်ပြုပြီးနောက် မမှန်ကန်သည့် အထောက်အထားဖြင့် လျှောက်လွှာတင်ပြခဲ့သည်ဟု သိရှိရလျှင် အသိအမှတ်ပြုချက်ကို ပယ်ဖျက်သည့်အပြင် ထိုပုဂ္ဂိုလ်အား နာမည်ပျက်စာရင်းသွင်း မှတ်တမ်းတင်ရမည်။

၄၉။ ပုဒ်မ ၄၆ အရ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် ကောင်စီက အသိအမှတ်ပြုထားသူသည် ပုဒ်မ ၃၂ ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၃)
## စာရင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း

၅၀။ အစိုးရကဏ္ဍစာရင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက် နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြု စုစည်းရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကဌာနအဖွဲ့အစည်းအသီးသီးသည် စာရင်းပညာအဖွဲ့ သို့မဟုတ် စာရင်းပညာလက်မှတ်ရဝန်ထမ်း ခန့်ထားမှုအခြေအနေ နှစ်စဉ်ပြန်တမ်းကို သတ်မှတ်ထားသည့်အတိုင်း ကောင်စီထံတင်ပြရမည်။

၅၁။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူများသည် စာရင်းလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများအတွက် အသင်း၏စည်းမျဉ်းနှင့်အညီ အသင်းတွင်မှတ်ပုံတင်ရန် တာဝန်ရှိသည်။

၅၂။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်) လက်မှတ်ရသူများသည် ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် သင်ကြားမှုစာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့် ရှိသည်။ သင်ကြားမှုစာရင်း လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၅၃။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်) လက်မှတ်ရသူများသာ ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့်နည်းလမ်း များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၅၄။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်း တိုးရန်လျှောက်ထားသူ ပုဂ္ဂိုလ်အလိုက်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းအလိုက်ဖြစ်စေ ပြည့်စုံရမည့် လက်တွေ့ လုပ်ငန်းအတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့် လုပ်ငန်းနည်းစနစ်ပုံစံနှင့် အခြားလိုအပ်ချက်များကို လုပ်ငန်းအမျိုးအစားအလိုက် ကောင်စီက သတ်မှတ်နိုင်သည်။

၅၅။ ကောင်စီသည် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားသူ၏ လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက လျှောက်ထားသူကို -

(က) မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

(ခ) သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး သို့မဟုတ် သက်တမ်းတိုးကြေးကို ပေးသွင်းစေရမည်။

(ဂ) သက်ဆိုင်ရာမှတ်ပုံတင်တွင် အမည်စာရင်းရေးသွင်းပြီး သင်ကြားမှုစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် သို့မဟုတ် အများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၅၆။ လိုအပ်ပါက ကောင်စီသည် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို အတန်းအစား သို့မဟုတ် အမျိုးအစားများ ခွဲခြားသတ်မှတ်နိုင်သည်။ လုပ်ကိုင်ခွင့်လက်မှတ် အတန်းအစား သို့မဟုတ် အမျိုးအစားအလိုက် လိုက်နာရမည့် အချက်များနှင့် ဆောင်ရွက်ခွင့်မရှိသည့် လုပ်ငန်းများကို ကောင်စီက ချမှတ်ပေးနိုင်သည်။

၅၇။ စာရင်းလုပ်ငန်းလုပ်ကိုင်သူ အတန်းအစားအလိုက် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်း အနေဖြင့်ဖြစ်စေ ဖွဲ့စည်းတည်ထောင်မှုများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ကောင်စီတွင် မှတ်ပုံတင် ရမည်။

၅၈။ ကောင်စီသည် ပုဒ်မ ၅၂ နှင့် ပုဒ်မ ၅၃ တို့အရ လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်းအတွက် မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ကို ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များ ကိုက်ညီအောင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်။

၅၉။ ကောင်စီတွင် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ထားသူသည် ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၄)

## ခွင့်ပြုထားသည့် နိုင်ငံခြားသားစာရင်းပညာရှင်အား စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း

၆၀။ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက် သို့မဟုတ် သဘောတူညီထားချက် သို့မဟုတ် အစီအမံတစ်ရပ်ရပ်နှင့် အကျုံးဝင်ကိုက်ညီသည့် နိုင်ငံခြားသား စာရင်းပညာရှင်များသာလျှင် မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင် ခွင့်ပြုရန် ကောင်စီထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည် -

(က) မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရတို့ချုပ်ဆိုသော စာချုပ်ပါ အချက်အရ ခွင့်ပြုနိုင်ခြင်း၊

(ခ) မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံချင်း သို့မဟုတ် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစာရင်းပညာအဖွဲ့ အစည်းများ အပြန်အလှန် အသိအမှတ်ပြုခြင်း သဘောတူညီချက် အစီအမံများအရ ခွင့်ပြုနိုင်ခြင်း။

၆၁။ ပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်အရ လျှောက်ထားသည့် နိုင်ငံခြားသား စာရင်းပညာရှင်သည် အောက်တွင်ဖော်ပြသည့် အချက်များကို ပြည့်စုံခိုင်လုံသည့် အထောက်အထားဖြင့် ဦးစွာတင်ပြရမည် -

(က) မိမိသည် နိုင်ငံရင်း အမျိုးသား စာရင်းပညာရှင်အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသော စာရင်း ပညာရှင်လက်မှတ်နှင့် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် ရရှိထားသူဖြစ်ခြင်း၊

(ခ) မိမိနိုင်ငံ၏ အမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းက မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသား လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များကို အသိအမှတ်ပြုထားပြီးဖြစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသားလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် မိမိနိုင်ငံသားများနည်းတူ စာရင်းလုပ်ငန်းများကို မိမိနိုင်ငံတွင် လုပ်ကိုင်ခွင့်ရှိခြင်း။

၆၂။ ပုဒ်မ ၆၁ ပါ ပြဋ္ဌာန်းချက်အရ တင်ပြချက်များ မှန်ကန်မှု ခိုင်လုံမှုမရှိဟု ယူဆရလျှင် ထိုနိုင်ငံခြားသား စာရင်းပညာရှင်၏ တင်ပြချက် သို့မဟုတ် လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

၆၃။ ပုဒ်မ ၆၁ ပါပြဋ္ဌာန်းချက်အရ တင်ပြချက်များ မှန်ကန်ကြောင်း ခိုင်လုံလျှင် ထိုနိုင်ငံခြားသားစာရင်းပညာရှင်အား မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် ကောင်စီထံ အောက်ပါအထောက်အထား စာရွက်စာတမ်းများနှင့် တင်ပြလျှောက်ထားစေရမည် -

(က) သက်ဆိုင်ရာအဖွဲ့အစည်းက ထုတ်ပေးသည့် မြန်မာနိုင်ငံ ပြည်ဝင်ခွင့်နှင့်နေထိုင်ခွင့်ပြုကြောင်း အထောက်အထား စာရွက်စာတမ်းများ၊

(ခ) လျှောက်ထားသူ၏ နိုင်ငံကူးလက်မှတ်မူရင်းနှင့် ၎င်းမိတ္တူ၊

(ဂ) လျှောက်ထားသူ၏ နိုင်ငံရင်းအမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်းက ထုတ်ပေးသည့် စာရင်းပညာအောင်လက်မှတ်မူရင်းနှင့် ၎င်းမိတ္တူ၊

(ဃ) လျှောက်ထားသူ၏ နိုင်ငံရင်းအမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းက ထုတ်ပေးသည့် ထိုနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်၊

(င) ကောင်စီက လိုအပ်ချက်အရ တင်ပြရန်သတ်မှတ်သည့် စာရွက်စာတမ်းများ။

၆၄။ ပုဒ်မ ၆၃ အရ တင်ပြချက်များ ပြည့်စုံခိုင်လုံပါက အဆိုပါနိုင်ငံခြားသား စာရင်းပညာရှင်ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် ပုဒ်မ ၄၇ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်စိစစ် ဆောင်ရွက်ရမည်။

၆၅။ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုခြင်းခံရသူသည် သတ်မှတ်သည့် မှတ်ပုံတင်ကြေး ပေးသွင်းလျက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၆၆။ ကောင်စီ၏ခွင့်ပြုချက်လက်မှတ်ရရှိပြီးလျှင် အဆိုပါနိုင်ငံခြားသားစာရင်းပညာရှင်သည် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း စည်းမျဉ်းများနှင့်အညီ ထိုအသင်း၌ အသင်းဝင်ရမည်။

၆၇။ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းဖွင့်လှစ် လုပ်ကိုင်ခွင့်ရရှိသော နိုင်ငံတကာ စာရင်းလုပ်ငန်းအဖွဲ့အစည်းများသည် စာရင်းလုပ်ငန်းကို ကောင်စီက သတ်မှတ်သည့် ဖွဲ့စည်းမှုပုံစံဖြင့်သာ ဆောင်ရွက်ရမည်။ စာရင်းလုပ်ငန်းကို ထိုဖွဲ့စည်းမှုပုံစံဖြင့် ဆောင်ရွက်ခွင့် ရရန် စည်းမျဉ်းနှင့်အညီ ကောင်စီထံ လျှောက်ထားရမည်။

၆၈။ ကောင်စီသည် ပုဒ်မ ၆၇ အရ လျှောက်ထားခြင်းကို စိစစ်၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်။ လုပ်ငန်း လုပ်ကိုင်ခွင့် သက်တမ်းတိုးလျှောက်ထားခြင်းကို စည်းမျဉ်းနှင့်အညီ စိစစ်ပြီး ခွင့်ပြုနိုင်သည်။

## အခန်း (၁၅)

## ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

၆၉။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို စာရင်းကာလ သို့မဟုတ် ဘဏ္ဍာရေးနှစ်အလိုက် သင့်တင့်လျောက်ပတ်စွာ သို့မဟုတ် အရှိအရင်းအတိုင်းပြည့်စုံမှန်ကန်စွာ အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။

ထိုအတွက် လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီက ချမှတ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံ၊ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ပြုစုထုတ်ပြန်ရန် စီမံဆောင်ရွက်ရမည်။

၇၀။ အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရမှုရှိသည့် ဘဏ္ဍာရေးရှင်းတမ်းများဖြင့် ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စေရန် သက်ဆိုင်ရာပုဂ္ဂိုလ် အသီးသီးသည် အောက်တွင်ဖော်ပြသည့်အတိုင်း တာဝန်ခံဆောင်ရွက်ရမည် -

(က) စာရင်းပညာရှင် သို့မဟုတ် စာရင်းကျွမ်းကျင်သူများသာ လုပ်ငန်းအဖွဲ့အစည်းတစ်ခုခု၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ လုပ်ငန်းအလိုက်လိုအပ်သည့် စာရင်းရှင်းတမ်းများပြုစုရေးဆွဲသူ၊ လက်မှတ်ရေးထိုးအတည်ပြုသူအဖြစ် တာဝန်ခံခြင်း၊

(ခ) လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် အဆိုပါဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုတင်ပြသူအဖြစ် တာဝန်ခံခြင်း၊

(ဂ) ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်အဖြစ်ဆောင်ရွက်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် အစိုးရစာရင်းစစ်သည် အဆိုပါဘဏ္ဍာရေးရှင်းတမ်းများ၏ သင့်တင့်လျောက်ပတ်စွာ ဖော်ပြမှုအပေါ် ထင်မြင်ယူဆချက်ထုတ်ဖော်တင်ပြသူအဖြစ် တာဝန်ခံခြင်း။

၇၁။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီက ချမှတ်ထားသည့် ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ တင်ပြရေးအတွက် အောက်ဖော်ပြပါ လိုအပ်ချက်များကို လုပ်ငန်းအဖွဲ့အစည်း၏ သဘောသဘာဝ၊ အရွယ်အစား၊ အနေအထားတို့နှင့် ကိုက်ညီဆီလျော်အောင် စီမံဆောင်ရွက်ရမည် -

(က) စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းအတွက် လုံလောက်သည့် စာရင်းကျွမ်းကျင်သူ၊ စာရင်းပညာရှင်အင်အားဖြင့် ဖွဲ့စည်းတာဝန်ပေးရန်၊

(ခ) အဆိုပါ စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းတာဝန်များမှ သီးခြားကင်းလွတ်သည့် လွတ်လပ်သောဌာနတွင်းစာရင်းစစ်ဆေးခြင်း အစီအမံကို ချမှတ်ဆောင်ရွက်ရန်။

၇၂။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် စာရင်းများ၏ သင့်တင့်လျောက်ပတ်စွာ ဖော်ပြချက်ကို ထိခိုက်ပျက်ပြားအောင် စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်း တာဝန်ခံဆောင်ရွက်သူများအပေါ် မလျော်ဩဇာသုံး၍ စွက်ဖက်ညွှန်ကြားခြင်းမပြုရ။

၇၃။ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (က) ပါ တာဝန်ထမ်းဆောင်သော စာရင်းပညာရှင် သို့မဟုတ် စာရင်းကျွမ်းကျင်သူသည် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကောင်စီတွင် မှတ်ပုံတင်ရမည်။

၇၄။ ကောင်စီသည် ပုဒ်မ ၆၉ မှ ပုဒ်မ ၇၂ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူများအား လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းထံသို့ အကြောင်းကြားရမည်။

## အခန်း (၁၆)

## စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းကိုင်အလုပ်သင်များ၏ တာဝန်၊ ကျင့်ဝတ်သိက္ခာနှင့်ရပိုင်ခွင့်များ

၇၅။ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) များသည် အောက်ပါတာဝန်များရှိသည် -

(က) မိမိတာဝန်ယူဆောင်ရွက်သည့်စာရင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှန်ကန်ဆုံးဖြစ်နိုင်ရေးအတွက် ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ နိုင်ငံတကာတွင် လက်ခံကျင့်သုံးသည့် စာရင်းကိုင်စံများ၊ စာရင်းစစ်စံများကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) မိမိအား ကောင်စီကပေးအပ်သည့် စာရင်းပညာဆိုင်ရာတာဝန်များကို ကျေပွန်စွာဆောင်ရွက်ခြင်း။

၇၆။ စာရင်းကိုင်အလုပ်သင်များသည် အောက်ပါတာဝန်များရှိသည် -

(က) ကောင်စီကချမှတ်ထားသော စာရင်းကိုင်အလုပ်သင်ဆိုင်ရာစည်းကမ်းများကို လိုက်နာရမည်။

(ခ) စာရင်းကိုင်အလုပ်သင်ကြားပေးသည့်စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရအဖွဲ့အစည်းက ချမှတ်ထားသော စာရင်းကိုင်အလုပ်သင်ဆိုင်ရာ၊ အလုပ်ခွင်ဆိုင်ရာ စည်းကမ်းများကို လိုက်နာရမည်။

၇၇။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့်မညီသည့် အောက်ပါအပြုအမူများအပြင် ကောင်စီကထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာမညီသည့် အပြုအမူများကို မပြုလုပ်ရ -

(က) မိမိ၏စာရင်းလုပ်ငန်းအတွက် အများသိရှိစေရန် ကြော်ငြာရာတွင် မိမိကိုယ်တိုင် တာဝန်ခံဆောင်ရွက်ပေးနိုင်သည်ထက် သို့မဟုတ် မိမိတွင်ရှိသော အရည်အချင်း သို့မဟုတ် အတွေ့အကြုံထက် ပိုမိုထုတ်ဖော်ခြင်း၊ အခြားစာရင်းလုပ်ငန်း လုပ်ကိုင်သူအား ထိခိုက်နစ်နာစေသည့် အချက်အလက်ဖြင့် မိမိလုပ်ငန်းကို ကြော်ငြာခြင်း၊

(ခ) အမြတ်ရာခိုင်နှုန်းပေါ်တွင် အခြေတည်၍ လုပ်ခငွေ တောင်းယူခြင်း၊

(ဂ) ကောင်စီကလိုအပ်၍ တောင်းဆိုသည့် စာရင်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို တင်ပြပေးရန် ပျက်ကွက်ခြင်း၊

(ဃ) မိမိတစ်ဦးတည်းသာ သိရှိစေသောအကြောင်းအချက်များကို အလုပ်ရှင်၏ခွင့်ပြုချက်မရဘဲ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မဟုတ်ဘဲ အခြားသူထံ ထုတ်ဖော်အသိပေးခြင်း၊

(င) မိမိအားပေးအပ်သည့် စာရင်းပညာဆိုင်ရာ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ထိုက်သင့်သောသတိမထားရှိဘဲ ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) ပါလုပ်ငန်းများကို စာရင်းလုပ်ငန်းလုပ်ကိုင်သူမဟုတ်သူများနှင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) ယခင်စာရင်းစစ်အဖြစ် ဆောင်ရွက်ခဲ့သူနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲ ထိုစာရင်းစစ်ရာထူးကို လက်ခံခြင်း သို့မဟုတ် အခြားသူတစ်ဦး ဆောင်ရွက်နေသည့် စာရင်းလုပ်ငန်းကို မိမိအတွက်တောင်းယူခြင်း၊

(ဇ) စာရင်းစစ်များ ခန့်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် သက်ဆိုင်ရာ အခြားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်းမရှိသည့် ခန့်ထားမှုကို လက်ခံဆောင်ရွက်ခြင်း၊

(ဈ) ကုမ္ပဏီညွှန်းတမ်းတွင်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ပုံနှိပ်ထုတ်ဝေရန် အနာဂတ်အမြတ်ငွေကို ခန့်မှန်းတွက်ချက်အတည်ပြုပေးခြင်း သို့မဟုတ် တစ်နှစ်စီအတွက် အရှုံးအမြတ်များကို သီးခြားဖော်ပြခြင်းမပြုဘဲ တစ်နှစ်ထက်ပိုသော နှစ်များအတွက် ပျမ်းမျှအမြတ်ငွေရှင်းတမ်းများကို ပုံနှိပ်ထုတ်ဝေရန်အတည်ပြုပေးခြင်း၊ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ ရေးဆွဲတင်ပြရမည့်ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ၊

(ည) လုပ်ငန်းရှင်က ယုံမှတ်အပ်နှံထားသည့် ငွေကြေးများကို ကိုင်တွယ်ခန့်ခွဲရပါက ယင်းငွေကြေးများကို စနစ်တကျ သုံးစွဲခန့်ခွဲကြောင်း သိသာပေါ်လွင်စေရေးအတွက် လိုအပ်သော စာရင်းမှတ်တမ်းများ၊ သီးခြားဘဏ်စာရင်းများ ဖွင့်လှစ်ထိန်းသိမ်းရန်ပျက်ကွက်ခြင်း၊

(ဋ) ရည်ရွယ်ချက် တစ်စုံတစ်ရာဖြင့် လုပ်ငန်း၏အမြတ် သို့မဟုတ် အရှုံးကို မမှန်မကန်ဖော်ပြခြင်း၊ ထိုသို့ဖော်ပြထားကြောင်း စစ်ဆေးတွေ့ရှိချက်ကို ထုတ်ဖော်တင်ပြရန် ပျက်ကွက်ခြင်း။

၇၈။ စာရင်းကိုင်အလုပ်သင်သည် စာရင်းပညာလုပ်ငန်းသင်ယူရာတွင် မိမိထိန်းသိမ်းရမည့် ကျင့်ဝတ်သိက္ခာများနှင့်မညီသော အောက်ပါအပြုအမူတို့ကို မပြုလုပ်ရ -

(က) လက်တွေ့အလုပ်သင်ဆင်းသည့် ကာလအတွင်း သက်ဆိုင်ရာအလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းက ပေးအပ်သည့် လုပ်ငန်းများကို လိုလားစွာ၊ သစ္စာရှိစွာနှင့် ကျေပွန်စွာ ထမ်းဆောင်မှုမရှိခြင်း၊

(ခ) လက်တွေ့အလုပ်သင်ဆင်းသည့် ကာလအတွင်း သက်ဆိုင်ရာ အလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းက ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ဂ) သက်ဆိုင်ရာအလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်း၏ စာရင်းများ၊ စာရွက်စာတမ်းများ၊ ပိုင်ဆိုင်မှုများကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ အလွဲသုံးခြင်း၊ ခွင့်ပြုချက်မရရှိဘဲ မိတ္တူကူးယူခြင်း၊

(ဃ) မိမိလုပ်ကိုင်ခဲ့သော အလုပ်သင်လုပ်ငန်းနှင့်ပတ်သက်သည့် စာရင်းများ၊ သတင်းအချက်အလက်များကို ပြင်ပသို့ပေါက်ကြားစေခြင်း။

၇၉။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ယင်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သင့်တင့်မျှတသော လုပ်ခကို တောင်းခံပိုင်ခွင့်ရှိသည်။

(ဂ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

## အခန်း (၁၇)

## စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) များ၊ စာရင်းကိုင်အလုပ်သင်များအား အရေးယူခြင်း

၈၀။ ကောင်စီသည် ပုဒ်မ ၇၅ နှင့် ပုဒ်မ ၇၆ တို့တွင် ပြဋ္ဌာန်းထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည့် သို့မဟုတ် ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့တွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသော စာရင်းလုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းကိုင်အလုပ်သင်အား စုံစမ်းစစ်ဆေးရန် ကောင်စီဝင် အနည်းဆုံး (၂) ဦးပါဝင်သော အဖွဲ့ဝင် (၅) ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၈၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီက ဤကိစ္စရပ်အလို့ငှာ ကောင်စီဝင် (၅) ဦးဖြင့် ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တင်ပြရမည်။

၈၂။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခြင်း၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ပယ်ဖျက်ခြင်း။

၈၃။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အကျင့်စာရိတ္တပျက်ပြားရာရောက်သည့် ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ပုဂ္ဂိုလ်ကို ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) ပါပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၈၄။ (က) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) လက်မှတ် သို့မဟုတ် စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရသူသည် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ ပြန်လည်မှတ်ပုံတင်ခွင့် သို့မဟုတ် စာရင်းကိုင်အလုပ်သင် အဖြစ် ပြန်လည်ဆောင်ရွက်ခွင့်အတွက် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေပေးဆောင်စေပြီး ပြန်လည်မှတ်ပုံတင်ခွင့် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့် ပြုနိုင်သည်။

## အခန်း (၁၈)
## အယူခံခြင်း

၈၅။ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပုဒ်မ ၈၂ သို့မဟုတ် ပုဒ်မ ၈၃ အရ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၈၆။ ကောင်စီသည် ပုဒ်မ ၈၅ အရ တင်သွင်းသည့် အယူခံမှုများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည် -

(က) အတည်ပြုခြင်း၊

(ခ) ပယ်ဖျက်ခြင်း၊

(ဂ) ပြင်ဆင်ခြင်း၊

(ဃ) ပြန်လည်စုံစမ်းစစ်ဆေးခြင်း။

၈၇။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၉)
## တားမြစ်ချက်များ

၈၈။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဘဏ္ဍာရေး အခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို မမှန်မကန်ဖော်ပြခြင်းမပြုရ။

၈၉။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် စာရင်းများ၏သင့်တင့်လျောက်ပတ်စွာ ဖော်ပြချက်ကို ထိခိုက် ပျက်ပြားအောင် စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်း တာဝန်ခံဆောင်ရွက်သူများအပေါ် မလျော်သြဇာသုံး၍ စွက်ဖက်ညွှန်ကြားခြင်းမပြုရ။

၉၀။ စာရင်းလုပ်ငန်း လုပ်ကိုင်သူသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် မညီသည့် **ဤဥပဒေပုဒ်မ ၇၇ ပါပြဋ္ဌာန်းချက်**အပြင် ကောင်စီက ထုတ်ပြန် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာမညီသည့် အပြုအမူများကို မပြုလုပ်ရ။

၉၁။ မည်သူမျှ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်မရှိဘဲ အောက်ပါစာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ -

(က) အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများတွင် ဥပဒေအရ စစ်ဆေးရမည့် ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း။

၉၂။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်သိမ်းခြင်းခံရသူ သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကောင်စီထံပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၉၃။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မည်သည့်စာရင်းဖော်ပြချက်၊ ကြေညာချက်၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင်မဆို မဟုတ်မမှန်သည့် အချက်ကို သိလျက်နှင့် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ထောက်ခံလက်မှတ် ရေးထိုးခြင်းမပြုရ။

၉၄။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိလုပ်ငန်း၏ အစုဝင်ကသော်လည်းကောင်း၊ မိမိ၏ဝန်ထမ်းကသော်လည်းကောင်း ကြီးကြပ်ကွပ်ကဲ၍ ပြည့်စုံစွာစစ်ဆေးထားခြင်းမရှိသော လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း သို့မဟုတ် မည်သည့် စာရင်းဇယားကိုမျှ အတည်ပြုမပေးရ သို့မဟုတ် မိမိကိုယ်စား လက်မှတ်ရေးထိုးခွင့်မပြုရ။

၉၅။ မည်သူမျှ ကောင်စီ၏ခွင့်ပြုချက်မရဘဲ ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ကိုယ်ပိုင်သင်တန်းကျောင်း ဖွင့်လှစ်ခြင်းမပြုရ။

၉၆။ မည်သူမျှ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု၊ ဆန့်ကျင်ဘက်ဖြစ်မှု၊ လွတ်လပ်မှုကို ထိခိုက်စေမှုဖြစ်စေသော လုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်းမပြုရ၊ ထိုသို့ လက်ခံဆောင်ရွက်ရန် ခိုင်းစေခြင်းမပြုရ။

## အခန်း (၂၀)
## ပြစ်ဒဏ်များ

၉၇။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် ပုဒ်မ ၈၈ သို့မဟုတ် ပုဒ်မ ၈၉ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၈။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၉၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ကျပ် တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၉။ မည်သူမဆို ပုဒ်မ ၉၁ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၀။ မည်သူမဆို ပုဒ်မ ၉၂ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၁၀၁။ မည်သူမဆို ပုဒ်မ ၉၃ သို့မဟုတ် ပုဒ်မ ၉၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၂။ မည်သူမဆို ပုဒ်မ ၉၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ် ငါးဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၃။ မည်သူမဆို ပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၁)

## အထွေထွေ

၁၀၄။ (က) ကောင်စီ၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရသုံးမှန်းခြေငွေစာရင်းမှ ကျခံပြီး ရငွေများကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရသုံးမှန်းခြေငွေစာရင်းသို့ ပေးသွင်းရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံစာရင်းကောင်စီရုံး၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၁၀၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ စာချုပ်စာတမ်းတစ်ခုခုတွင်သော်လည်းကောင်း၊ အမှတ်အသားတစ်ခုခုတွင်သော်လည်းကောင်း မှတ်ပုံတင်စာရင်းကိုင်ဟုရည်ညွှန်းထားလျှင် ထိုရည်ညွှန်းချက်သည် ဤဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်) ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

၁၀၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁/၉၄) အရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီသည် ဤဥပဒေအရ မြန်မာနိုင်ငံ စာရင်းကောင်စီကို ဖွဲ့စည်းခြင်းမပြုမီ ဤဥပဒေအရ ဖွဲ့စည်းသည်ဟု မှတ်ယူရမည်။

၁၀၇။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ရရှိ ထားသူများသည် လက်မှတ်သက်တမ်းပြည့်သည်အထိ လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ရှိသည်။ လုပ်ငန်း လုပ်ကိုင်ခွင့် သက်တမ်းတိုးရန်လျှောက်ထားသည့်အခါ ဤဥပဒေအရ စာရင်းလုပ်ငန်းအမျိုးအစား သို့မဟုတ် အတန်းအစားအလိုက် ခွဲခြား၍ မှတ်ပုံတင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထား ရမည်။

၁၀၈။ ဤဥပဒေကို ပြဋ္ဌာန်းပြီးနောက်လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီကာလအတွင်း ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၁၀။ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

**အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**အစိုးရအောင်ဘာလေထီ ဥပဒေ (မူကြမ်း)**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)**

၁၃၇၆ ခုနှစ်၊                    လ     ရက်

( ၂၀၁၅ ခုနှစ်၊            လ     ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို အစိုးရအောင်ဘာလေထီဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအောင်ဘာလေထီ**ဆိုသည်မှာ ထီလက်မှတ်စာရွက်ဖြင့်သော်လည်းကောင်း၊ အီလက်ထရောနစ်နည်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ထီဆုငွေကံစမ်းသည့် အစီအစဉ်ကို ဆိုသည်။

(ခ) **ထီလက်မှတ်**ဆိုသည်မှာ ကံစမ်းသူက ထီကံစမ်းထားကြောင်း ဖော်ပြသည့် အထောက်အထားကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်နည်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ထီကံစမ်းထားသည့် အထောက်အထားလည်း ပါဝင်သည်။

(ဂ) **အစိုးရထီရုံး**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲကို ဆိုသည်။

(ဃ) **အီလက်ထရောနစ်ထီလုပ်ငန်း**ဆိုသည်မှာ အီလက်ထရောနစ်အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic Data Interchange)၊ အီးမေးလ်၊ အက်စ်အမ်အက်စ်စနစ် (Short Message System)၊ တယ်လီကော်ပီ (Telecopy) တို့အပါအဝင် အီလက်ထရောနစ်နည်းဖြင့်

ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အသုံးပြု၍ ထီလက်မှတ်ရောင်းချခြင်း လုပ်ငန်းကို ဆိုသည်။

(င) **ထီလုပ်ငန်းရှင်**ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် အစိုးရထီရုံးနှင့် ထီလုပ်ငန်းအကျိုးတူပူးပေါင်း ဆောင်ရွက်သူကို ဆိုသည်။

(စ) **ထီကံစမ်းသူ**ဆိုသည်မှာ ထီလက်မှတ်ဖြင့် ထီကံစမ်းထားသူကို ဆိုသည်။

(ဆ) **ထီရောင်းချသူ**ဆိုသည်မှာ အစိုးရထီရုံးမှတိုက်ရိုက်ဖြစ်စေ၊ ထီလုပ်ငန်းရှင်ထံမှ တစ်ဆင့်ခံဖြစ်စေ ထီလက်မှတ်ရယူပြီး ရောင်းချသူကို ဆိုသည်။

(ဇ) **အောင်ဘာလေသိန်းဆုခွန်**ဆိုသည်မှာ အစိုးရထီရုံးကသော်လည်းကောင်း၊ ထီလုပ်ငန်းရှင်ကသော်လည်းကောင်း ထီလက်မှတ်ရောင်းရငွေအပေါ် နိုင်ငံတော်သို့ ပေးဆောင်ရသည့် အခွန်ကိုဆိုသည်။

(ဈ) **အကျိုးအမြတ်နှုန်း**ဆိုသည်မှာ အစိုးရထီရုံးက ထီလုပ်ငန်းရှင်အားပေးရန် သဘောတူသတ်မှတ်ထားသည့် နှုန်းကိုဆိုသည်။

(ည) **ကော်မရှင်ခ**ဆိုသည်မှာ အစိုးရထီရုံး သို့မဟုတ် ထီလုပ်ငန်းရှင်က ထီရောင်းချသူသို့ ထီလက်မှတ် ရောင်းရငွေမှ ခံစားခွင့်ပေးသည့်အခကြေးငွေကို ဆိုသည်။

(ဋ) **ထီဆုငွေ**ဆိုသည်မှာ ထီဖွင့်ပွဲတွင် ထီပေါက်သူကို ခွဲဝေပေးသည့် ဆုငွေကို ဆိုသည်။

(ဌ) **ဆုရလက်မှတ်**ဆိုသည်မှာ ထီဖွင့်ပွဲ၌ ထွက်ပေါ်လာသည့် ထီဆုငွေနှင့်သက်ဆိုင်သော ထီလက်မှတ်ကို ဆိုသည်။

(ဍ) **ထီဖွင့်ပွဲ**ဆိုသည်မှာ ထီဆုငွေထွက်ပေါ်စေသည့် အစိုးရထီရုံးကဆောင်ရွက်သော လုပ်ငန်းစဉ်များကို ဆိုသည်။

(ဎ) **ထီပေါက်စဉ်**ဆိုသည်မှာ အစိုးရထီရုံးက ထီဆုငွေများကို အီလက်ထရောနစ်နည်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ထုတ်ပြန်ကြေညာသည့် အမှတ်အသားကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)
## လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၃။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ခံယူလုပ်ကိုင်ခွင့် ရှိရမည်။

(ခ) မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှဝန်ထမ်းများအားတာဝန်လွှဲအပ်၍ အကောင်ထည်ဖော် ဆောင်ရွက်နိုင်သည်။

## အခန်း (၃)
## ထီလက်မှတ်များထုတ်ဝေခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း

၄။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေရမည်။

၅။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ကိုယ်စားလှယ်များ ခန့်အပ်၍သော်လည်းကောင်း ဖြန့်ဖြူးရောင်းချနိုင်သည်။

၆။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်ရောင်းရငွေများအားလုံးကို ဦးစီးဌာနက သတ်မှတ်ပေးသည့် ကာလအတွင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

## အခန်း (၄)

## ထီဖွင့်ပွဲကျင်းပခြင်း၊ ထီဆုငွေများခွဲဝေခြင်းနှင့် ထုတ်ပေးခြင်း

၇။ အစိုးရထီရုံးသည် ထီဖွင့်ပွဲကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခွင့်ပြုပေးထားသည့် နေရာ၊ သတ်မှတ်သည့်နေ့ရက်တို့တွင် အများပြည်သူရှေ့မှောက်၌ ကျင်းပပေးရမည်။

၈။ အစိုးရထီရုံးသည် ထီဖွင့်ပွဲကျင်းပပြီးနောက် ထီပေါက်စဉ်ကို အများပြည်သူသိရှိစေရန် ဖြန့်ဝေကြေညာပေးရမည်။

၉။ နိုင်ငံတော်သည် ထီလက်မှတ်ရောင်းရငွေမှ အောင်ဘာလေသိန်းဆုခွန်နှင့် အကျိုးအမြတ်နှုန်း သို့မဟုတ် ကော်မရှင်ခတို့ကို နုတ်ပယ်ပြီး ကျန်ငွေကို ဆုငွေများအဖြစ် ခွဲဝေပေးရမည်။

၁၀။ ထီဆုငွေများခွဲဝေခြင်း၊ အောင်ဘာလေသိန်းဆုခွန်၊ အကျိုးအမြတ်နှုန်းနှင့် ကော်မရှင်ခပေးရမည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။

၁၁။ အစိုးရထီရုံးသည် -

(က) ထီဆုငွေ စတင်ထုတ်ယူနိုင်မည့်နေ့ရက်ကို သတ်မှတ်ပေးရမည်။

(ခ) ဆုရလက်မှတ်များကို သတ်မှတ်သည့် နည်းလမ်းများအတိုင်း စစ်ဆေး၍ ထီဆုငွေထုတ်ပေးရမည်။

(ဂ) ဆုရလက်မှတ်ဖြင့် ထီကံစမ်းထားသည့် အထောက်အထားတင်ပြနိုင်မှသာလျှင် ထီဆုငွေများ ထုတ်ပေးမည်။

၁၂။ မည်သည့်နည်းဖြင့် ထီကံစမ်းထားသည်ဖြစ်စေ ထုတ်ယူရမည့် ထီဆုငွေများကို စတင်ထုတ်ယူနိုင်သည့် နေ့မှစ၍ တစ်နှစ်အတွင်းသာထုတ်ယူခွင့်ရှိသည်။ ခိုင်လုံသောအကြောင်းပြချက်မရှိပါက တစ်နှစ်ကျော်လွန်သည် အထိ ထုတ်ယူခြင်းမရှိသည့် ထီဆုငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သတ်မှတ်ရမည်။

## အခန်း (၅)

## တားမြစ်ချက်များ

၁၃။ ထီလက်မှတ်များထုတ်ဝေခြင်းကို ဝန်ကြီးဌာနကခွင့်ပြုထားသည့် အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့မှ အပ မည်သူမျှ ဆောင်ရွက်ခွင့်မရှိစေရ။

၁၄။ မည်သူမျှ ထီလက်မှတ်များကို ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ သို့မဟုတ် ဖြည့်စွက်ခြင်းမပြုရ။

၁၅။ မည်သူမျှ ဝန်ကြီးဌာနက ခွင့်ပြုသတ်မှတ်ထားသည့် ထီလက်မှတ်များမှအပ အခြားထီလက်မှတ်များကို နိုင်ငံတော်အတွင်း၌ ထုတ်ဝေခြင်း၊ ရောင်းချခြင်းမပြုရ။

၁၆။ အစိုးရထီရုံးမှတာဝန်ရှိသူ သို့မဟုတ် ထီလုပ်ငန်းရှင် သို့မဟုတ် ထီရောင်းချသူမည်သူမျှ ထီလက်မှတ်ကို သတ်မှတ်ထားသည့် ဈေးနှုန်းထက် ပိုမိုရောင်းချခြင်းမပြုရ။

၁၇။ အစိုးရထီရုံးမှအပ မည်သူမျှ ထီဖွင့်ပွဲကို ကျင်းပခြင်းမပြုရ။

## အခန်း (၆)
## ပြစ်ဒဏ်များ

၁၈။ မည်သူမဆို -

(က) ပုဒ်မ ၁၃ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ်အပြင် ငွေဒဏ်ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သောသက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံးထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ် အပြင် ငွေဒဏ်ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိ ချမှတ်ခြင်းခံရမည်။

(ဂ) ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ် အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

(ဃ) ပုဒ်မ ၁၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

(င) ပုဒ်မ ၁၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၇)
## အထွေထွေ

၁၉။ ယခင်ထီလုပ်ငန်းနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၂၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အီလက်ထရောနစ် ထီလုပ်ငန်းကို တည်ဆဲဥပဒေများအရ ပြည်တွင်း၊ ပြည်ပကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကများဖြင့် အကျိုးတူဆောင်ရွက်ခွင့်ရှိစေရမည်။

၂၁။ ထီလုပ်ငန်းရှင်သည် ဦးစီးဌာနနှင့် ထီလုပ်ငန်းအကျိုးတူဆောင်ရွက်သည့် လုပ်ငန်းများ၌ အောက်ဖော်ပြပါအတိုင်း လိုက်နာရမည် -

(က) အီလက်ထရောနစ် ထီလက်မှတ်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထီဖွင့်ပွဲကျင်းပခြင်းနှင့် ထီဆုငွေထုတ်ပေးခြင်းလုပ်ငန်းများကို နည်းပညာအရ လုံခြုံမှုရှိစေရန် တာဝန်ခံရမည်။

(ခ) နည်းပညာအရ လုံခြုံမှုကျိုးပေါက်ခြင်းကြောင့် နိုင်ငံတော်နှင့် ထီကံစမ်းသူများ နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ပါက ထီလုပ်ငန်းရှင်နှင့် ဦးစီးဌာနတို့အကြား ချုပ်ဆိုထားသည့် စာချုပ်ပါ သဘော တူညီချက်များအတိုင်း တာဝန်ယူဖြေရှင်းပေးရမည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　။)**

၁၃၇၆ ခုနှစ်၊ တပေါင်းလ　ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ　ရက် )

### နိဒါန်း

နိုင်ငံတော်၏ စီးပွားရေး မူဝါဒ (၄) ရပ်ဖြစ်သော နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်း ကိန်းဂဏန်းများ အရည်အသွေးပြည့်ဝရေး စသည်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းလာစေရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်ထိရောက်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေးစသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမျှော်မှန်းချက်များကို ဖော်ပြပါ စီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။　(က) ဤဥပဒေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အာဏာတည်စေရမည်။

၂။　ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်ပါသည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ စက်မှုဇုန်များနှင့်အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၉.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၈.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၀.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၁. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄၆. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၆. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၈. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းများအရ -

(၁) ကချင်ပြည်နယ်တွင် ၅. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၁၁. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၁၀. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၁၀. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၉. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၇. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၈. ၆ ရာခိုင်နှုန်းမှ ၂၇. ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅. ၀ ရာခိုင်နှုန်းမှ ၃၅. ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆. ၄ ရာခိုင်နှုန်းမှ ၃၇. ၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်း စားသုံးမှုတန်ဖိုးကို ကျပ် ၅၁,၄၄၈. ၄ ဘီလီယံဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၅. ၆ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၄. ၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက် ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၃,၁၅၈. ၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၇,၃၄၀. ၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) မှာ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၁,၂၈၁,၁၀၅ မှ ကျပ် ၁,၄၀၃,၉၇၈ သို့ဖြစ်ပေါ်လာရန်၊ (၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရွှေ့ပြောင်းလူဦးရေစာရင်းအရ)

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကိုဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရ ရှင်သန်စေမည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်း ပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိစသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**ပူးတွဲ-၁**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆,၄၈၉,၃၀၈. ၂** | **၃၀. ၃** | **၃. ၉** | **၁၇,၁၁၈,၃၄၂. ၁** | **၂၈. ၈** | **၃. ၈** |
| | ၁ | လယ်ယာ | ၁၁,၉၄၄,၀၈၇. ၈ | ၂၁. ၉ | ၂. ၇ | ၁၂,၂၁၇,၅၆၇. ၇ | ၂၀. ၅ | ၂. ၃ |
| | ၂ | သားငါး | ၄,၄၃၉,၈၀၉. ၉ | ၈. ၂ | ၈. ၇ | ၄,၇၉၅,၁၅၅. ၀ | ၈. ၁ | ၈. ၀ |
| | ၃ | သစ်တော | ၁၀၅,၄၁၀. ၅ | ၀. ၂ | -၂၉. ၄ | ၁၀၅,၆၁၉. ၄ | ၀. ၂ | ၀. ၂ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၅,၈၂၇,၆၁၂. ၇** | **၂၉. ၁** | **၁၀. ၄** | **၁၇,၄၃၄,၃၁၅. ၄** | **၂၉. ၃** | **၁၀. ၂** |
| | ၁ | စွမ်းအင် | ၈၀,၅၂၄. ၁ | ၀. ၂ | ၁၃. ၄ | ၈၂,၆၄၆. ၅ | ၀. ၁ | ၂. ၆ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၅၁,၆၇၈. ၆ | ၀. ၈ | ၈. ၈ | ၄၉၄,၅၅၈. ၉ | ၀. ၈ | ၉. ၅ |
| | ၃ | စက်မှုလက်မှု | ၁၁,၈၀၂,၃၈၄. ၁ | ၂၁. ၇ | ၉. ၅ | ၁၂,၉၉၀,၇၁၉. ၃ | ၂၁. ၉ | ၁၀. ၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၄၀,၂၀၆. ၈ | ၁. ၂ | ၁၁. ၆ | ၆၉၈,၇၆၀. ၃ | ၁. ၂ | ၉. ၁ |
| | ၅ | ဆောက်လုပ်မှု | ၂,၈၅၂,၈၁၉. ၁ | ၅. ၂ | ၁၄. ၁ | ၃,၁၆၇,၆၃၀. ၄ | ၅. ၃ | ၁၁. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၂,၁၁၁,၃၄၂. ၄** | **၄၀. ၆** | **၁၂. ၄** | **၂၄,၉၂၂,၄၂၆. ၂** | **၄၁. ၉** | **၁၂. ၇** |
| | ၁ | ပို့ဆောင်ရေး | ၆,၆၇၅,၂၉၃. ၇ | ၁၂. ၃ | ၇. ၆ | ၇,၂၇၉,၉၃၁,၆ | ၁၂. ၂ | ၉. ၁ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၁၄,၁၇၉. ၅ | ၄. ၈ | ၆၈. ၉ | ၃,၈၄၀,၃၈၃. ၆ | ၆. ၅ | ၄၆. ၉ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇,၆၆၀. ၄ | ၀. ၂ | ၂၃. ၉ | ၁၆၁,၄၉၃. ၇ | ၀. ၃ | ၂၆. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၈၆,၉၃၉. ၇ | ၂. ၆ | ၂၁. ၂ | ၁,၅၀၂,၆၈၀. ၆ | ၂. ၅ | ၈. ၃ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၂၅၁,၁၃၁. ၄ | ၂. ၃ | ၁၁. ၇ | ၁,၄၀၃,၁၁၂. ၃ | ၂. ၄ | ၁၂. ၁ |
| | ၆ | ကုန်သွယ်မှု | ၁၀,၀၅၆,၁၃၇. ၇ | ၁၈. ၄ | ၅. ၄ | ၁၀,၇၃၄,၈၂၄. ၄ | ၁၈. ၀ | ၆. ၇ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၄,၄၂၈,၂၆၃. ၃** | **၁၀၀. ၀** | **၉. ၁** | **၅၉,၄၇၅,၀၈၃. ၇** | **၁၀၀. ၀** | **၉. ၃** |

**ပူးတွဲ-၂**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၂,၃၁၆,၉၂၀. ၉** | **၅၉. ၄** | **၇. ၀** | **၃၄,၅၅၂,၆၅၇. ၅** | **၅၈. ၁** | **၆. ၉** |
| | ၁ | လယ်ယာ | ၁၁,၉၄၄,၀၈၇. ၈ | ၂၁. ၉ | ၂. ၇ | ၁၂,၂၁၇,၅၆၇. ၇ | ၂၀. ၅ | ၂. ၃ |
| | ၂ | သားငါး | ၄,၄၃၉,၈၀၉. ၉ | ၈. ၂ | ၈. ၇ | ၄,၇၉၅,၁၅၅. ၀ | ၈. ၁ | ၈. ၀ |
| | ၃ | သစ်တော | ၁၀၅,၄၁၀. ၅ | ၀. ၂ | -၂၉. ၄ | ၁၀၅,၆၁၉. ၄ | ၀. ၂ | ၀. ၂ |
| | ၄ | စွမ်းအင် | ၈၀,၅၂၄. ၁ | ၀. ၂ | ၁၃. ၄ | ၈၂,၆၄၆. ၅ | ၀. ၁ | ၂. ၆ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၅၁,၆၇၈. ၆ | ၀. ၈ | ၈. ၈ | ၄၉၄,၅၅၈. ၉ | ၀. ၈ | ၉. ၅ |
| | ၆ | စက်မှုလက်မှု | ၁၁,၈၀၂,၃၈၄. ၁ | ၂၁. ၇ | ၉. ၅ | ၁၂,၉၉၀,၇၁၉. ၃ | ၂၁. ၉ | ၁၀. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၄၀,၂၀၆. ၈ | ၁. ၂ | ၁၁. ၆ | ၆၉၈,၇၆၀. ၃ | ၁. ၂ | ၉. ၁ |
| | ၈ | ဆောက်လုပ်မှု | ၂,၈၅၂,၈၁၉. ၁ | ၅. ၂ | ၁၄. ၁ | ၃,၁၆၇,၆၃၀. ၄ | ၅. ၃ | ၁၁. ၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၂,၀၅၅,၂၀၄. ၇** | **၂၂. ၂** | **၁၉. ၁** | **၁၄,၁၈၇,၆၀၁. ၈** | **၂၃. ၉** | **၁၇. ၇** |
| | ၁ | ပို့ဆောင်ရေး | ၆,၆၇၅,၂၉၃. ၇ | ၁၂. ၃ | ၇. ၆ | ၇,၂၇၉,၉၃၁,၆ | ၁၂. ၂ | ၉. ၁ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၁၄,၁၇၉. ၅ | ၄. ၈ | ၆၈. ၉ | ၃,၈၄၀,၃၈၃. ၆ | ၆. ၅ | ၄၆. ၉ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇,၆၆၀. ၄ | ၀. ၂ | ၂၃. ၉ | ၁၆၁,၄၉၃. ၇ | ၀. ၃ | ၂၆. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၈၆,၉၃၉. ၇ | ၂. ၆ | ၂၁. ၂ | ၁,၅၀၂,၆၈၀. ၆ | ၂. ၅ | ၈. ၃ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၂၅၁,၁၃၁. ၄ | ၂. ၃ | ၁၁. ၇ | ၁,၄၀၃,၁၁၂. ၃ | ၂. ၄ | ၁၂. ၁ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၀,၀၅၆,၁၃၇. ၇** | **၁၈. ၄** | **၅. ၄** | **၁၀,၇၃၄,၈၂၄. ၄** | **၁၈. ၀** | **၆. ၇** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၄,၄၂၈,၂၆၃. ၃** | **၁၀၀. ၀** | **၉. ၁** | **၅၉,၄၇၅,၀၈၃. ၇** | **၁၀၀. ၀** | **၉. ၃** |

**ပူးတွဲ-၃**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၂၆၁,၇၅၅. ၆ | ၂. ၃ | ၂. ၀ | ၁,၃၃၁,၆၂၄. ၈ | ၂. ၂ | ၅. ၅ |
| ၂ | ကယားပြည်နယ် | ၁၉၆,၃၂၀. ၅ | ၀. ၄ | ၁၀. ၁ | ၂၁၄,၅၇၀. ၃ | ၀. ၄ | ၉. ၃ |
| ၃ | ကရင်ပြည်နယ် | ၁,၀၀၂,၇၄၈. ၉ | ၁. ၉ | ၁၅. ၄ | ၁,၁၁၂,၅၈၃. ၁ | ၁. ၉ | ၁၁. ၀ |
| ၄ | ချင်းပြည်နယ် | ၂၂၀,၆၀၂. ၄ | ၀. ၄ | ၂၆. ၄ | ၂၃၁,၅၀၉. ၂ | ၀. ၄ | ၄. ၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၃၂၉,၀၁၅. ၉ | ၁၁. ၆ | ၉. ၆ | ၆,၉၆၆,၀၃၈. ၃ | ၁၁. ၇ | ၁၀. ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၈၆၃,၁၀၁. ၃ | ၃. ၄ | ၉. ၄ | ၂,၀၅၇,၃၂၄. ၂ | ၃. ၅ | ၁၀. ၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၆၇၂,၇၄၅. ၃ | ၈. ၆ | ၈. ၇ | ၅,၁၇၂,၄၂၅. ၆ | ၈. ၇ | ၁၀. ၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၁၇၀,၃၁၉. ၀ | ၉. ၅ | ၈. ၂ | ၅,၆၅၄,၉၇၆. ၁ | ၉. ၅ | ၉. ၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၂၁၃,၉၇၆. ၇ | ၁၁. ၄ | ၁၂. ၄ | ၆,၈၄၁,၃၃၉. ၄ | ၁၁. ၅ | ၁၀. ၁ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၅၅,၇၉၀. ၀ | ၄. ၃ | ၁၀. ၄ | ၂,၅၆၁,၄၃၆. ၄ | ၄. ၃ | ၈. ၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၀၂၂,၈၉၅. ၀ | ၃. ၇ | ၅. ၇ | ၂,၁၇၆,၁၆၉. ၅ | ၃. ၆ | ၇. ၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၂,၁၁၂,၈၀၆. ၈ | ၂၂. ၃ | ၉. ၃ | ၁၃,၅၈၁,၀၄၁. ၃ | ၂၂. ၈ | ၁၂. ၁ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၆၉၉,၇၉၉. ၁ | ၆. ၈ | ၅. ၀ | ၃,၈၆၇,၆၃၀. ၁ | ၆. ၅ | ၄. ၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၆,၀၀၇,၈၅၄. ၆ | ၁၁. ၀ | ၆. ၂ | ၆,၃၀၀,၈၉၉. ၂ | ၁၀. ၆ | ၄. ၉ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၉၈,၅၃၂. ၂ | ၂. ၄ | ၂၈. ၂ | ၁,၄၀၅,၅၁၆. ၂ | ၂. ၄ | ၈. ၂ |

**ပူးတွဲ-၄**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၈,၉၁၄,၄၂၁. ၇** | **၂၈. ၆** | **၂၀,၁၅၆,၁၉၈. ၆** | **၂၇. ၅** | **၆. ၆** |
| | ၁ | လယ်ယာ | ၁၃,၇၅၉,၀၂၉. ၉ | ၂၀. ၈ | ၁၄,၄၅၂,၄၁၁. ၉ | ၁၉. ၇ | ၅. ၀ |
| | ၂ | သားငါး | ၅,၀၄၄,၄၁၅. ၂ | ၇. ၆ | ၅,၅၉၁,၅၉၈. ၈ | ၇. ၆ | ၁၀. ၈ |
| | ၃ | သစ်တော | ၁၁၀,၉၇၆. ၆ | ၀. ၂ | ၁၁၂,၁၈၇. ၉ | ၀. ၂ | ၁. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂၃,၂၂၉,၁၀၇. ၉** | **၃၅. ၀** | **၂၅,၉၅၃,၉၂၈. ၅** | **၃၅. ၄** | **၁၁. ၇** |
| | ၁ | စွမ်းအင် | ၄,၄၇၅,၇၂၂. ၈ | ၆. ၈ | ၄,၆၆၆,၇၆၃. ၉ | ၆. ၄ | ၄. ၃ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၀,၃၄၄. ၁ | ၁. ၁ | ၇၂၈,၇၀၇. ၉ | ၁. ၀ | ၂. ၆ |
| | ၃ | စက်မှုလက်မှု | ၁၃,၅၄၂,၅၂၈. ၉ | ၂၀. ၄ | ၁၅,၃၈၇,၈၅၇. ၇ | ၂၁. ၀ | ၁၃. ၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၀၁၉,၈၉၄. ၁ | ၁. ၅ | ၁,၀၉၇,၃၇၃. ၉ | ၁. ၅ | ၇. ၆ |
| | ၅ | ဆောက်လုပ်မှု | ၃,၄၈၀,၆၁၈. ၀ | ၅. ၂ | ၄,၀၇၃,၂၂၅. ၁ | ၅. ၅ | ၁၇. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၄,၀၉၂,၁၇၇. ၀** | **၃၆. ၄** | **၂၇,၂၀၄,၂၀၄. ၈** | **၃၇. ၁** | **၁၂. ၉** |
| | ၁ | ပို့ဆောင်ရေး | ၇,၅၄၀,၉၇၀. ၄ | ၁၁. ၄ | ၈,၃၀၀,၁၉၅. ၉ | ၁၁. ၃ | ၁၀. ၁ |
| | ၂ | ဆက်သွယ်ရေး | ၅၈၈,၅၃၄. ၈ | ၀. ၉ | ၁,၂၇၄,၂၆၉. ၈ | ၁. ၇ | ၁၁၆. ၅ |
| | ၃ | ငွေရေးကြေးရေး | ၉၈,၉၂၄. ၀ | ၀. ၁ | ၁၂၅,၁၄၀. ၄ | ၀. ၂ | ၂၆. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၈၈၆,၂၂၂. ၁ | ၂. ၈ | ၂,၁၆၅,၆၃၁. ၂ | ၃. ၀ | ၁၄. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၄၉၈,၁၇၀. ၃ | ၂. ၃ | ၁,၇၃၉,၄၁၀. ၉ | ၂. ၄ | ၁၆. ၁ |
| | ၆ | ကုန်သွယ်မှု | ၁၂,၄၇၉,၃၅၅. ၄ | ၁၈. ၉ | ၁၃,၅၉၉,၅၅၆. ၆ | ၁၈. ၅ | ၉. ၀ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆၆,၂၃၅,၇၀၆. ၆** | **၁၀၀. ၀** | **၇၃,၃၁၄,၃၃၁. ၉** | **၁၀၀. ၀** | **၁၀. ၇** |

**ပူးတွဲ-၅**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ**
**ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၂,၁၄၃,၅၂၉. ၆** | **၆၃. ၆** | **၄၆,၁၁၀,၁၂၇. ၁** | **၆၂. ၉** | **၉. ၄** |
| | ၁ | လယ်ယာ | ၁၃,၇၅၉,၀၂၉. ၉ | ၂၀. ၈ | ၁၄,၄၅၂,၄၁၁. ၉ | ၁၉. ၇ | ၅. ၀ |
| | ၂ | သားငါး | ၅,၀၄၄,၄၁၅. ၂ | ၇. ၆ | ၅,၅၉၁,၅၉၈. ၈ | ၇. ၆ | ၁၀. ၈ |
| | ၃ | သစ်တော | ၁၁၀,၉၇၆. ၆ | ၀. ၂ | ၁၁၂,၁၈၇. ၉ | ၀. ၂ | ၁. ၁ |
| | ၄ | စွမ်းအင် | ၄,၄၇၅,၇၂၂. ၈ | ၆. ၈ | ၄,၆၆၆,၇၆၃. ၉ | ၆. ၄ | ၄. ၃ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၀,၃၄၄. ၁ | ၁. ၁ | ၇၂၈,၇၀၇. ၉ | ၁. ၀ | ၂. ၆ |
| | ၆ | စက်မှုလက်မှု | ၁၃,၅၄၂,၅၂၈. ၉ | ၂၀. ၄ | ၁၅,၃၈၇,၈၅၇. ၇ | ၂၁. ၀ | ၁၃. ၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၀၁၉,၈၉၄. ၁ | ၁. ၅ | ၁,၀၉၇,၃၇၃. ၉ | ၁. ၅ | ၇. ၆ |
| | ၈ | ဆောက်လုပ်မှု | ၃,၄၈၀,၆၁၈. ၀ | ၅. ၂ | ၄,၀၇၃,၂၂၅. ၁ | ၅. ၅ | ၁၇. ၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁,၆၁၂,၈၂၁. ၆** | **၁၇. ၅** | **၁၃,၆၀၄,၆၄၈. ၂** | **၁၈. ၆** | **၁၇. ၂** |
| | ၁ | ပို့ဆောင်ရေး | ၇,၅၄၀,၉၇၀. ၄ | ၁၁. ၄ | ၈,၃၀၀,၁၉၅. ၉ | ၁၁. ၃ | ၁၀. ၁ |
| | ၂ | ဆက်သွယ်ရေး | ၅၈၈,၅၃၄. ၈ | ၀. ၉ | ၁,၂၇၄,၂၆၉. ၈ | ၁. ၇ | ၁၁၆. ၅ |
| | ၃ | ငွေရေးကြေးရေး | ၉၈,၉၂၄. ၀ | ၀. ၁ | ၁၂၅,၁၄၀. ၄ | ၀. ၂ | ၂၆. ၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၈၈၆,၂၂၂. ၁ | ၂. ၈ | ၂,၁၆၅,၆၃၁. ၂ | ၃. ၀ | ၁၄. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၄၉၈,၁၇၀. ၃ | ၂. ၃ | ၁,၇၃၉,၄၁၀. ၉ | ၂. ၄ | ၁၆. ၁ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၂,၄၇၉,၃၅၅. ၄** | **၁၈. ၉** | **၁၃,၅၉၉,၅၅၆. ၆** | **၁၈. ၅** | **၉. ၀** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၆၆,၂၃၅,၇၀၆. ၆** | **၁၀၀. ၀** | **၇၃,၃၁၄,၃၃၁. ၉** | **၁၀၀. ၀** | **၁၀. ၇** |

**ပူးတွဲ-၆**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းအရ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်စျေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၅၅၁,၂၉၀. ၅ | ၂. ၃ | ၁,၆၃၇,၅၀၅. ၀ | ၂. ၂ | ၅. ၆ |
| ၂ | ကယားပြည်နယ် | ၂၂၇,၈၇၆. ၇ | ၀. ၃ | ၂၅၃,၁၇၀. ၆ | ၀. ၄ | ၁၁. ၁ |
| ၃ | ကရင်ပြည်နယ် | ၁,၁၃၃,၀၈၅. ၄ | ၁. ၇ | ၁,၂၈၈,၉၅၈. ၃ | ၁. ၈ | ၁၃. ၈ |
| ၄ | ချင်းပြည်နယ် | ၂၄၂,၄၇၀. ၄ | ၀. ၄ | ၂၆၈,၄၀၄. ၅ | ၀. ၄ | ၁၀. ၇ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၇,၂၃၂,၂၅၅. ၇ | ၁၀. ၉ | ၈,၁၆၀,၇၀၆. ၆ | ၁၁. ၁ | ၁၂. ၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၃၆,၁၆၆. ၂ | ၅. ၃ | ၃,၇၅၆,၆၇၄. ၆ | ၅. ၁ | ၆. ၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၁၈၈,၆၇၄. ၁ | ၇. ၈ | ၅,၈၇၀,၃၈၂. ၂ | ၈. ၀ | ၁၃. ၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၁၃၉,၁၃၂. ၃ | ၉. ၃ | ၆,၉၄၈,၃၁၇. ၁ | ၉. ၅ | ၁၃. ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၇၈၆,၀၈၅. ၆ | ၁၀. ၃ | ၇,၅၂၂,၅၀၀. ၆ | ၁၀. ၃ | ၁၀. ၉ |
| ၁၀ | မွန်ပြည်နယ် | ၂,၆၅၈,၇၁၉. ၆ | ၄. ၀ | ၂,၉၄၇,၁၀၅. ၁ | ၄. ၀ | ၁၀. ၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၉၅၆,၄၀၆. ၄ | ၄. ၅ | ၃,၄၅၅,၆၆၁. ၀ | ၄. ၇ | ၁၆. ၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၉၉၀,၉၈၆. ၅ | ၂၁. ၁ | ၁၅,၉၂၅,၆၇၅. ၂ | ၂၁. ၇ | ၁၃. ၈ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၁၇၃,၄၄၆. ၁ | ၆. ၃ | ၄,၄၃၈,၉၂၉. ၇ | ၆. ၀ | ၆. ၄ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈,၉၇၄,၇၉၈. ၂ | ၁၃. ၆ | ၉,၄၄၄,၁၈၄. ၅ | ၁၂. ၉ | ၅. ၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၄၄၄,၃၁၂. ၉ | ၂. ၂ | ၁,၃၉၆,၁၅၆. ၉ | ၁. ၉ | -၃. ၃ |

**ပူးတွဲ-၇**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၆,၈၅၉,၉၂၂. ၅* | ၂၉. ၄ | ၆,၆၆၅,၃၁၈. ၆* | ၂၅. ၆ |
| ၂ | သမဝါယမပိုင် | ၂,၀၅၇. ၇ | ၀. ၀၁ | ၂,၁၁၃. ၇ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၁၆,၄၃၇,၁၁၃. ၀ | ၇၀. ၆ | ၁၉,၃၇၉,၄၁၉. ၅ | ၇၄. ၄ |
| | **စုစုပေါင်း** | **၂၃,၂၉၉,၀၉၃. ၂** | **၁၀၀. ၀** | **၂၆,၀၄၆,၈၅၁. ၈** | **၁၀၀. ၀** |

* နိုင်ငံခြားချေးငွေနှင့် အထောက်အပံ့အပါအဝင် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

**၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (မူကြမ်း)**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် -

(၁) အခန်း (၅)၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

(၂) အခန်း (၆)၊ ဝင်ငွေခွန်နှင့် စပ်လျဉ်း၍ -

(ကက) ဤဥပဒေပုဒ်မ ၁၉ ပါ လစာမှ ဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ခခ) ကျန်ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်တို့ကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကို ဆိုသည်။

(င) **နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)
## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက်ကောက်ခံရန် လျာထားချက် ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ ဤဥပဒေ၏ အခွန်အကောက် အမျိုးအစားများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေး အတွက် တင်သွင်းရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

၇။ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှု စာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက်ကောက်ခံရန် လျာထားချက်များ ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၁၀။ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)
## ကုန်သွယ်လုပ်ငန်းခွန်

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲ ဇယားများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲ ဇယားများ

(က) မည်သူမဆို အောက်ဖော်ပြပါ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှအပ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ခ) အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်သည့် ကုန်စည်ဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည် -

### အထူးကုန်စည်များ

| စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက်။ | ၁၂၀ |
| ၂ | ဆေးရွက်ကြီး။ | ၆၀ |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | ၆၀ |
| ၄ | ဆေးပေါ့လိပ်။ | ၆၀ |
| ၅ | ဆေးပြင်းလိပ်။ | ၆၀ |
| ၆ | ဆေးတံသောက်ဆေးများ။ | ၆၀ |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | ၆၀ |
| ၈ | အရက်အမျိုးမျိုး။ | ၆၀ |
| ၉ | ဘီယာအမျိုးမျိုး။ | ၆၀ |
| ၁၀ | ဝိုင်အမျိုးမျိုး။ | ၅၀ |
| ၁၁ | ကျွန်း၊ သစ်မာ သစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၂၅ |
| ၁၂ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ။ | ၁၅ |
| ၁၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |
| ၁၄ | ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | ၂၅ |
| ၁၅ | ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | ၁၀ |
| ၁၆ | သဘာဝဓာတ်ငွေ့။ | ၈ |

(ဂ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုး သို့မဟုတ် ဝန်ဆောင်မှုတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ကုန်စည်/ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစား သီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင်သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိစသော လယ်ယာကိုင်းကျွန်း ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနု ဆီဖတ် စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၈ | အရောင်ချွတ်ဖတ်။ |
| ၂၉ | အုန်းဆံချည်ခင်။ |
| ၃၀ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၁ | တံဆိပ်ခေါင်းအမျိုးမျိုး၊ (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၂ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |

| စဉ် | ကုန်စည်/ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၃၃ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၄ | ငံပြာရည်အမျိုးမျိုး။ |
| ၃၅ | စားအုန်းဆီမှအပဖြစ်သည့် စားဆီအမျိုးမျိုး။ |
| ၃၆ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၇ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၈ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၃၉ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၀ | ချင်း။ |
| ၄၁ | ငါးပိအမျိုးမျိုး။ |
| ၄၂ | မန်ကျည်းမှည့်။ |
| ၄၃ | နိုင်ငံတော်အလံ။ |
| ၄၄ | စိပ်ပုတီးအမျိုးမျိုး။ |
| ၄၅ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၆ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၇ | အုန်းဆီ၊ (စားအုန်းဆီမဟုတ်)။ |
| ၄၈ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၄၉ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၀ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်းစသည်ဖြင့်)။ |
| ၅၁ | ရေနံချေး။ |
| ၅၂ | ဆား။ |
| ၅၃ | ကြက်ပေါင်စေး။ |
| ၅၄ | ကွမ်းသီး။ |
| ၅၅ | ဓာတ်မြေသြဇာ။ |
| ၅၆ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၅၇ | လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံးစက်နှင့် စက်အပိုပစ္စည်းများ။ |
| ၅၈ | တိရစ္ဆာန်အစာ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၅၉ | တိရစ္ဆာန်သုံး ဆေးဝါးများ။ |
| ၆၀ | မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၁ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာ အင်ဗာတာ |
| | (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၂ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် |
| | အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာ တန်ဆာပလာများ။ |
| ၆၃ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။ |
| ၆၄ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး (နည်းဥပဒေ၊ စည်းမျဉ်းဖြင့် ကန့်သတ်ထားသော လူသုံးဆေးဝါးများမှအပ)။ |
| ၆၅ | ဆေးဝါးကုန်ကြမ်းများ။ |

| စဉ် | ကုန်စည်/ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၆၆ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ် အမျိုးမျိုးနှင့် ယင်းစာအုပ်များထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၇ | ခဲတံလုပ်ရန် ခဲဆန်။ |
| ၆၈ | ကွန်ဒုံး (Condom)။ |
| ၆၉ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသုံးပစ္စည်းနှင့်ပစ္စည်း ကိရိယာများ။ |
| ၇၀ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၁ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၂ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများအတွက် ရရှိသည့် ပုံနှိပ်ခရငွေနှင့် စစ်လက်နက်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ တပ်မတော်သုံးယာဉ်အမျိုးမျိုး။ |
| ၇၃ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၄ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၅ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့် ကုန်စည်များနှင့် အဆောက်အဦတည်ဆောက်မှု ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၇၆ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင်အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၇၇ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေလုပ်ငန်း အပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန်ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၇၈ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့်ကုန်သွယ်မှုဆောင်ရွက်ခြင်းမှ အပ အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(င) ပုဒ်မခွဲ (ခ) ပါ ကုန်စည်များအနက် အောက်ပါကုန်စည်များကို ပြည်ပမှ တင်သွင်းရောင်းချခြင်း အတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ။ အလားတူ အဆိုပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှ ဝယ်ယူ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းအတွက် ရောင်းရငွေ အပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ် လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ၊ သို့ရာတွင် ကုန်စည်ကို ဆက်လက်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည် -

(၁) စီးကရက်၊

(၂) ဆေးရွက်ကြီး၊

(၃) ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊

(၄) ဆေးပေါ့လိပ်၊

(၅) ဆေးပြင်းလိပ်၊

(၆) ဆေးတံသောက်ဆေးများ၊

(၇) ကွမ်းစားဆေးအမျိုးမျိုး၊

(၈) အရက်အမျိုးမျိုး၊

(၉) ဘီယာအမျိုးမျိုး၊

(၁၀) ဝိုင်အမျိုးမျိုး။

(စ) အောက်ပါအခွန်မကျသင့်သည့်ဝန်ဆောင်မှုလုပ်ငန်းများမှအပ နိုင်ငံတော်အတွင်းဆောင်ရွက်သည့် အဆောက်အဦ ဆောက်လုပ်ရောင်းချခြင်း ဝန်ဆောင်မှုအပါအဝင်ဖြစ်သော ကျန်ဝန်ဆောင်မှု လုပ်ငန်းများမှ ရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည် -

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | အိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/မျက်မမြင်အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | လမ်းအသုံးပြုခ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အများသုံး သန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ပြည်ပလေကြောင်း ခရီးသည် ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ယဉ်ကျေးမှု အနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၃ | နိုင်ငံတော် အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထိ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် ထိုသို့ရရှိပါက ပိုမိုရရှိသည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် တွင်သာ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ရမည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

( ခ ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

( ဂ ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ် ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှု လုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ် လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ မည်သူမဆို အောက်ပါကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ် ယှဉ်တွဲ ဖော်ပြပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်း အတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ် လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။

| **စဉ်** | **ကုန်စည်အမျိုးအစား** | **အခွန်ရာခိုင်နှုန်း** |
|---|---|---|
| (က) | ရေနံစိမ်း။ | ၅ |
| ( ခ ) | သဘာဝဓာတ်ငွေ့။ | ၈ |
| ( ဂ ) | ကျွန်း၊ သစ်မာ သစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၅၀ |
| (ဃ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၅ |
| ( င ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန် ကျောက်မျက် ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |

၁၅။ ဤဥပဒေ ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၆။ အထက် ပုဒ်မ ၁၄ ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ ကုန်စည်တင်ပို့ရောင်းချခြင်း အတွက် ရောင်းရငွေအပေါ်တွင် ၀ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်

လုပ်ငန်းခွန်ထက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

၁၇။ စွမ်းအင်ဝန်ကြီးဌာနမှ ရောင်းချသော ဂျက်လေယာဉ်ဆီများ ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းအတွက် ၅ ရာခိုင်နှုန်းသာ ကျသင့်စေရမည်။

၁၈။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ဝင်ငွေခွန်

၁၉။ မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ ပစ္စည်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီက ရရှိသည့်ကျပ်ငွေဖြင့် စုစုပေါင်း အသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၂။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှအပဖြစ်သည့် ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉ ပါ ဝင်ငွေခွန်နှုန်းဖြင့် လည်းကောင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ၊ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ **လွတ်ကင်း**နေသောဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့်ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အဆိုပါသက်သာခွင့်အား နိုင်ငံသားတစ်ဦးလျှင် တစ်ကြိမ်သာခံစားခွင့်ရှိစေရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရအရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| | **ဝင်ငွေ (ကျပ်)** | | | **ဝင်ငွေခွန်နှုန်း** |
|---|---|---|---|---|
| (က) | ၁ | - | ၅၀,၀၀၀,၀၀၀ | ၃ % |
| (ခ) | ၅၀,၀၀၀,၀၀၁ | - | ၁၅၀,၀၀၀,၀၀၀ | ၁၀ % |
| (ဂ) | ၁၅၀,၀၀၀,၀၀၁ | - | ၃၀၀,၀၀၀,၀၀၀ | ၂၀ % |
| (ဃ) | ၃၀၀,၀၀၀,၀၀၁ | နှင့် | အထက် | ၃၀ % |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့်အခြေခံသမဝါယမအသင်းမှအပဖြစ်သောသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များမနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါကအောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| **မြတ်စွန်းငွေ** | **ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း** |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ % |
| (၂) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၁) အထိ | ၄၅ % |
| (၃) ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၁) နှင့်အထက် | ၅၀ % |

(ခ) တစ်ဦးချင်း ပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၅၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်အတွင်း ဝင်ငွေကျပ်သိန်း ၅၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ တစ်ဦးချင်းပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် အောက်ပါအတိုင်းသက်သာခွင့် ပြုရမည် -

(က) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၅ သိန်း၊

(ခ) သားသမီးတစ်ဦးလျှင် ကျပ် ၃ သိန်းစီ။

၃၂။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေး အမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင် ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၅၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၅၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူး ဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာ ခေါင်းစဉ်မှ ဝင်ငွေ။

၃၄။ ဤဥပဒေ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)

## အခြား အခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၅။ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေအညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) သယ်ယူပို့ဆောင်ရေးအခွန်၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) အကောက်ခွန်၊

(ဆ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဇ) ရေခွန်၊

(ဈ) တာတမံခွန်၊

(ည) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဋ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊

(ဌ) အင်းအိုင်ခွန်၊

(ဍ) ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဎ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊

(ထ) လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများ ဝယ်ယူရောင်းချခြင်းတို့မှ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန် နှုန်းထားများအတိုင်း အခွန်စည်းကြပ်ရမည်။

## အခန်း (၈)

## အထွေထွေ

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင် လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့် ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူ များအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

**ဇယား (၁)**

**၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၃၇၉၉၉၃. ၁၄၉** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၁၇. ၇၉၄ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂၃၂၄၅၆၅. ३५५ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၆၅၀၀. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၃၀၀၀၀. ၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | သယ်ယူပို့ဆောင်ရေးအခွန်၊ | ၁၈၅၃၀၀. ၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၂၇၁၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၂၁၃၅၄၃၄. ၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂၁၃၅၄၃၄. ၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၃၇၅၀၀၀. ၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၃၇၅၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၈၅၇၉၄၇. ३५၈** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀. ၈၇၃ |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေခွန်၊ | ၁၀၁. ၀၂၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၁၂၇၂. ၉၃၇ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၅. ၁၅၀ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အင်းအိုင်ခွန်၊ | ၁၁၀၃. ၈၀၀ |
| | ၇ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန | ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀. ၅၀၀ |
| | ၈ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၁၀၆၁၁၁. ၀၅၀ |
| | ၉ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၉၃၉၀. ၀၀၀ |
| | ၁၀ | ဆက်သွယ်ရေး၊ သတင်းအချက် အလက်နှင့် နည်းပညာဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊ | ၅၂၉၈၈၀. ၀၀၀ |
| | ၁၁ | လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန | လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်၊ | ၉၈၈၂. ၀၀၀ |
| | | | **စုစုပေါင်း** | **၅၇၄၈၃၇၅. ၁၅၂** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၂</u>

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၁၂၄/၂၀၁၄

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူး လစာနှုန်း (၂၂၀,၀၀၀-၂,၀၀၀-၂၃၀,၀၀၀) နေရာတွင် ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၅

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

နိုင်ငံတော်သမ္မတရုံးမှ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲပါ ရာထူးနေရာများတွင် အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** |
|---|---|---|
| (က) | ဒေါ်မိမိမှော် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ခ) | ဒေါ်သီတာအေး | ။ |
| (ဂ) | ဒေါ်ခင်ခင်ညို | ။ |
| (ဃ) | ဒေါ်ခင်ခင်ထွန်း | ဦးစီးအရာရှိ |
| (င) | ဒေါ်နှင်းနှင်းအေး | ။ |
| (စ) | ဒေါ်ခင်ဆွေလတ် | ။ |
| (ဆ) | ဒေါ်စန်းစန်းအေး | ။ |

| စဉ် | အမည် | ရာထူး |
|---|---|---|
| (ဇ) | ဒေါ်အေးအေးနွယ် | ဦးစီးအရာရှိ |
| (ဈ) | ဒေါ်နွယ်နွယ်ဝင်း | ။ |
| (ည) | ဒေါ်စောသီတာအောင် | ။ |
| (ဋ) | ဒေါ်နန္ဒာစုခိုင် | ။ |
| (ဌ) | ဒေါ်ခင်မေစီ | ။ |
| (ဍ) | ဒေါ်ခင်သန်းဦး | ။ |
| (ဎ) | ဒေါ်အေးအေးသက် | ။ |
| (ဏ) | ဒေါ်လဲ့လဲ့မွန် | ။ |
| (တ) | ဒေါ်နှင်းနွယ်အေး | ။ |
| (ထ) | ဒေါ်ကြည်ကြည်ဝင်း | ။ |
| (ဒ) | ဒေါ်စိုးစန္ဒာထွေး | ။ |

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၁၃၈/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် )

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ကျုံစိန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၃၈၀/ ကျုံစိန်ကွင်း၊ ဦးပိုင်အမှတ်-N ၇၃ မှ **မြေဧရိယာ (၁. ၃၀) ဧက**နှင့် ဦးပိုင်အမှတ် -N ၈၄ မှ **မြေဧရိယာ (၀. ၆၂) ဧက၊ စုစုပေါင်းမြေဧရိယာ (၁. ၉၂) ဧက**အား **ရတနာသိဂီဘုန်းတော်ကြီးကျောင်း (ခ) မင်းဓမ္မတောင်စေတီကျောင်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၃၉/၂၀၁၄)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ မြစိမ်းရပ်ကွက်၊ အကွက်အမှတ်/အမည်-၁ က/မြစိမ်းရပ်ကွက်၊ ဦးပိုင်အမှတ်-ဃ/၂၊ **မြေဧရိယာ (၀. ၇၃၉) ဧက**အား **ရန်ကုန်ကျောင်းတိုက်** မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Depa Depan Mining Co.,Ltd**

(အစုရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

Depa Depan Mining Co.,Ltd ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် -

နေ့ရက် - ၂၇. ၂. ၂၀၁၅

အချိန် - နံနက် ၉း၃၀ နာရီ

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် (၂၃)၊ အခန်း-၃၀၂ (ဘီ)၊ ဘီ (ဘလောက်)၊ အင်ကြင်းလမ်း၊ ယုဇနဉယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်း၊ ရန်ကုန်မြို့။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ နောက်ဆုံးအစီရင်ခံစာကို တင်သွင်းအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်စန္ဒာအေး

(B.Com, C.P.A) No-1065/524

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒီပဒီပံ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

## Global Link Trading Company Limited

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Global Link Trading Company Limited** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၉. ၂. ၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် - ၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc, H.G.P, M.A (Business Law), PG Dip in Law (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမြတ်သူ
မန်နေးဂျင်းဒါရိုက်တာ
Global Link Trading Company Limited

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## YE YINT INDUSTRIAL COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **YE YINT INDUSTRIAL COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၉. ၂. ၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် - ၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc, H.G.P, M.A (Business Law), PG Dip in Law (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇော်လင်းဦး
မန်နေးဂျင်းဒါရိုက်တာ
YE YINT INDUSTRIAL COMPANY LIMITED

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ ကြေညာစာ**
**မကွေးကုမ္ပဏီလီမိတက်**
**Magway Company Limited**
(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)
နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ်-(၄၀၁)၊ သုခိတာလမ်း၊ ရန်ကျော်ရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့် ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**DIAMOND WORLD TRADING COMPANY LIMITED**
ဖျက်သိမ်းရန်ကြေညာချက်

၁။ **DIAMOND WORLD TRADING COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီ ရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| Min Swe | ဦးဇင်ဝေ |
| Managing Director | B.Com, C.P.A |
| Diamond World Trading Co.,Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## GLOBAL ALLIANCE TRADING COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **GLOBAL ALLIANCE TRADING COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၆) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီ ရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Zaw Win Tun
Managing Director
Global Alliance Trading Co.,Ltd.

ဦးဇင်ဝေ
B.Com, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အေး နှင့် သက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
## (AYE & THET CONSTRUCTION CO.,LTD)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အေး နှင့် သက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (AYE & THET CONSTRUCTION CO.,LTD)** အား (၂. ၂. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သောင်းသောင်း (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ပြန်တမ်းတွင်ကြော်ငြာပါသည့်နေ့မှစ၍ (၁) လ နောက်ဆုံးထားပြီး ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်တင်အေး
မန်နေးဂျင်းဒါရိုက်တာ
အေး နှင့် သက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဒေါ်သောင်းသောင်း
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက် (၂)၊ အခန်း (၄)၊ တော်ဝင်အိမ်ရာ၊
(၄၁) တိုးချဲ့ရပ်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
(ဖုန်း ၀၉-၅၁၅၀၃၆၃)

**မရင်း ကော (မ်) ပဲ့ (စ်) ကုမ္ပဏီလီမိတက်**

**(MARINE COMPASS COMPANY LIMITED.) အား**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မရင်း ကော (မ်) ပဲ့ (စ်) ကုမ္ပဏီလီမိတက် (MARINE COMPASS COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-၁၇၆(ပထမထပ်) တွင်၊ ကျင်းပ ပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**နေဘုရင် ကုမ္ပဏီလီမိတက်**

**(SUN KING COMPANY LIMITED.) အား**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**နေဘုရင် ကုမ္ပဏီလီမိတက် (SUN KING COMPANY LIMITED.)** ၏ နောက်ဆုံးအစည်း အဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင် မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-၁၇၆ (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ငွေရောင်သတ္တု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**
**(ARGENT METAL TRADING CO.,LTD.) အား**
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ငွေရောင်သတ္တု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (ARGENT METAL TRADING CO.,LTD.)**၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့၊ နေ့လယ် (၁၄း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-၁၇၆ (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**In the matter of the Myanmar Companies Act**
**CONNELL BROS COMPANY (MYANMAR) LIMITED**
**(In Members Voluntary Winding-up)**
**Notice of Special Resolutions pursuant to section 206 (1)**

At the Extraordinary General Meeting of the Members of the Company held at No. 19-20, Bahosi Ward, Bogyoke Aung San Street, Lanmadaw Township, Yangon Region, on 11th February, 2015 the following, "Special Resolutions" were passed:

**Special Resolutions: -**

1. That the Company be volutarily wound-up by the members with effect from 11th February, 2015.

2. That Daw Me Me Kyaw, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.

3. That all persons claiming to be creditors of the above Company are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region before 10th March, 2015.

Tee Tee Ohn
Director
Connell Bros Company (Myanmar) Ltd

Me Me Kyaw
B. Com Q, C.P.A
Liquidator
Certified Public Accountant & Auditor